# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၄၃)


| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး |

## သိင်္ဂါလောဝါဒ သုတ္တန်လာ ဇနီးမယားကျင့်ဝတ်(၅)ပါး

မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့် သိင်္ဂါလောဝါဒသုတ္တန်တွင် ခင်ပွန်းယောကျာ်းပြုကျင့်ကြရမည့် လင့်ကျင့်ဝတ်(၅)ပါးရှိသကဲ့သို့ သူတော်ကောင်း ဇနီးသားမယားများကလည်း မိမိလင်သားများအပေါ်တွင် ထားရှိ ကျင့်သုံးကြရမည့် ဇနီးမယားကျင့်ဝတ်(၅)ပါးတို့ကို အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပါသည်–

– အိမ်တွင်းမှုကိစ္စမှန်သမျှကို ဇနီးသားမယားကောင်းပီသစွာ ကျွမ်းကျင်နိုင်နင်းစွာ ပြုလုပ်ပေးကြရမည်။
– မိမိ၏လင်သား ရှာဖွေပေးအပ်ထားသော ဥစ္စာပစ္စည်းကိုလည်း မပျောက်မပျက် အလေအလွင့်မရှိအောင် သေချာစွာ ထိန်းသိမ်းစောင့်ရှောက်သုံးစွဲကြရမည်။
– မိမိလင်သားမှတစ်ပါး အခြားသော ယောကျာ်းများအပေါ်တွင် သာယာခြင်း၊ နှစ်သက်ခြင်း၊ ပျော်ရွှင်မှု၊ ခံစားမှုများ မပြုလုပ်ကြရန်။
– ဥစ္စာပစ္စည်းများကို မိမိ မိသားစုအတွက် သုံးစွဲသကဲ့သို့ နှစ်ဖက်သော မိဘဆွေမျိုးများကိုလည်း သင့်တင့်လျောက်ပတ် ညီမျှအောင် ဖြန့်ဝေပေးကမ်းလှူဒါန်းကြရမည်။
– ပျင်းရိခြင်းမရှိဘဲ မိမိလင်သား အိပ်ရာမှမထမီ စောစောထ၍ ဝတ်ကြီးဝတ်ငယ်အမှုကို ကျေပွန်အောင် ပြုစုကြရမည်။

အထက်ဖော်ပြပါ ကျင့်ဝတ်(၅)ပါးကား သူတော်ကောင်းဇနီးမယားတို့ ပြုကျင့်ရမည့် မယားကျင့်ဝတ်(၅)ပါးတည်း။

စာမျက်နှာ ၇ ကော်လံ ၁

# ပြည်သူလူထုတစ်ရပ်လုံး၏ မကြုံစဖူး ထူးထူးကဲကဲ အားပေးချီးမြှောက်မှုအပေါ် ကျေးဇူးတုံ့ပြန် နိုင်ငံတကာပြိုင်ပွဲများတွင် ဆက်လက်ပြီး နိုင်ငံ့ဂုဏ်ဆောင်အောင်နိုင်ရေး အလေးအနက်ထားကြိုးပမ်း အာဆီယံမှသည် အာရှ၊ အာရှမှသည် ကမ္ဘာသို့ ထိုးဖောက်နိုင်အောင် မရပ်မနားကြိုးစားအားထုတ် မာဒေးကားဖလားဗိုလ်စွဲခဲ့သော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား ဂုဏ်ပြုညစာတည်ခင်း

**နေပြည်တော် စက်တင်ဘာ ၁၀**

၂၀၀၆ခုနှစ် (၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သော အောင်ပွဲရ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲကို စက်တင်ဘာ ၉ ရက် ည ၇နာရီက နေပြည်တော်ရှိ ရွှေရယ်ကုမုဒြာဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁



မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အောင်ပွဲရ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် လက်ခံရရှိသော ဂုဏ်ပြုဆုငွေများကို မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အသင်းခေါင်းဆောင် စိုးမြတ်မင်းနှင့် ဂိုး–အောင်အောင်ဦးတို့ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

**နိုင်ငံတော်အစိုးရအနေဖြင့် "အားကစားအောင်နိုင်မှု အဆင့်အတန်းသည် နိုင်ငံတော်နှင့် လူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်ဖော်ညွှန်းစေတယ်"၊ "နိုင်ငံတကာမှာ အားကစားအောင်နိုင်ခြင်းဟာ နိုင်ငံနဲ့ လူမျိုးရဲ့ ဂုဏ်သိက္ခာကို တိုးတက်မြင့်မားစေတယ်" ဆိုသော ခံယူချက်ဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကို အမျိုးသားရေးအမြင်ဖြင့် ယှဉ်တွဲပြီး အထူးအားပေးချီးမြှောက်လျက်ရှိ။**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်
(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

# စာတတ်မြောက်ရေးလုပ်ငန်း ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်

မြန်မာနိုင်ငံတွင် အစဉ်လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ပေါ်ထွန်းလာရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဖော်ဆောင်ရာတွင် နိုင်ငံသူနိုင်ငံသားတိုင်း အခြေခံစာတတ်မြောက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလုပ်ငန်းများကို ထည့်သွင်းကြိုးပမ်းလျက်ရှိသည်။

ကျောင်းသင်ပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေးနှင့် ကျောင်းနေသည့် ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် ကျောင်းအပ်နှံရေးလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စည်းရုံးလှုပ်ရှားခဲ့သည်။ ငါးနှစ်ပြည့်ပြီး ကလေးများ၏ ကျောင်းဝင်နှုန်းသည် ၁၉၉၉-၂၀၀၀ပညာသင်နှစ်တွင် ၉၁ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်၌ ၉၇ဒသမ၈၄ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

မူလတန်းပညာပြီးဆုံးအောင် သင်ယူနိုင်စေရန် အားပေးဆောင်ရွက်နေသကဲ့သို့ အလယ်တန်းနှင့် အထက်တန်းပညာများ ပြီးမြောက်သည်အထိ ဆက်လက်သင်ယူနိုင်စေရန်အတွက် မူလတန်းလွန်ကျောင်းပေါင်း ၆၀၀၃ကျောင်း တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ သင်ကြားသင်ယူမှု အရည်အသွေး မြင့်မားရေးအပိုင်းတွင် Multi-media စာသင်ခန်းများ ဖွဲ့စည်းထားပြီးဖြစ်သည့် အခြေခံပညာကျောင်းပေါင်း ၁၆၇၁ကျောင်း၊ Electronic Data Broadcasting System ဖြင့် ထုတ်လွှင့်ပေးနေသည့် အခြေခံပညာဘာသာရပ်သင်ကြားမှုများကို အနယ်နယ်အရပ်ရပ်က လက်ခံသင်ယူနိုင်သော e-Learning Centre ပေါင်း ၇၃၄ခုအထိ တိုးတက်ဖြစ်ထွန်းလာခဲ့ပြီ ဖြစ်သည်။

ကျောင်းပြင်ပ ပညာရေးကဏ္ဍတွင်လည်း ကျောင်းတက်ရန် အခက်အခဲရှိသည့် ကျောင်းနေအရွယ်ကလေးများနှင့် ကျောင်းနေအရွယ်လွန်ကလေးများအတွက် ကျောင်းပြင်ပမူလတန်းပညာရေး အထူးအစီအစဉ်နှင့် ရွေ့လျားကျောင်းအစီအစဉ်များကို တိုးချဲ့ဖြည့်ဆည်းပေးနိုင်ခဲ့သည်။ သက်ကြီးစာမတတ်သူများအတွက် အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအစီအစဉ်တို့ကို တစ်နိုင်ငံလုံး ဖြန့်ကြက်ဖော်ဆောင်ပေးလျက်ရှိသည်။

သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၁၉၉၆ခုနှစ်တွင် ၈၃ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၉၄ဒသမ၁ရာခိုင်နှုန်း၊ ၂၀၀၆ ခုနှစ်၌ ၉၄ဒသမ၃၅ ရာခိုင်နှုန်းအထိ တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာခဲ့သည်။

သို့ဖြစ်၍ နိုင်ငံသူနိုင်ငံသား ပြည်သူများ စာပေပညာတတ်မြောက်ပြီး လူမှုစီးပွားရေးဘဝ ပိုမိုတိုးတက်မြင့်မားစေရေးအတွက် စာတတ်မြောက်ရေး ကြိုးပမ်းမှုလုပ်ငန်းစဉ်ကြီးတွင် နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံးက အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ရန်ကုန်တိုင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်

## ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုရရှိသူများဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၀

**ရန်ကုန်တိုင်း (၂၀၀၆)ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲကို စက်တင်ဘာ ၈ရက် မွန်းတည့် ၁၂နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။**

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကားပြောကြားသည်။

### ဆုများပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲ၌ ပထမဆုရရှိသည့် ရန်ကုန်မြောက်ပိုင်းခရိုင်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တောင်ပိုင်းခရိုင်နှင့် တတိယဆု ရရှိကြသည့် ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အချက်အပြုတ်ပြိုင်ပွဲ၌ ပထမဆု ရရှိသည့် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်၊ တတိယဆု ရရှိကြသည့် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်၊ အထူးဆု ရရှိကြသည့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီးတို့သည် အာဟာရ ဖွံ့ဖြိုးရေး လှုပ်ရှားမှု ပိုစတာများ၊ မှတ်တမ်းဓာတ်ပုံများနှင့် အိုင်အိုဒင်းဆားများတွင် အိုင်အိုဒင်းပါဝင်မှု ပမာဏ စမ်းသပ်စစ်ဆေးမှုတို့ကို ကြည့်ရှုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် အသက်ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်(အေ) ဆေးတိုက်ကျွေးပြီး **(အပေါ်ပုံ)** ကိုယ်ဝန်ဆောင်မိခင်လောင်းများအား သံဓာတ်ဆေးပြားနှင့် ကိုယ်ဝန်ဆောင်အားတိုးဆေးများ ဝေငှပေးကာ အာဟာရပြည့်ဝသည့် အစားအစာများကို မူကြိုကလေးငယ်များအား ကျွေးမွေးနေမှုကို လိုက်လံ ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**



**စက်တင်ဘာ ၃ရက်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းမှ ဒုတိယဥက္ကဋ္ဌဒေါ်အေးအေးနှင့် အဖွဲ့ဝင်များ ကန်ကြီးထောင့်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် တွေ့ဆုံစဉ်။**
(သတင်းဖော်ပြပြီး)(သတင်းစဉ်)

**စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်**

## မြဝတီရုပ်မြင်သံကြား

**၁၁-၉-၂၀၀၆**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၃၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၃၅ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သံယောဇဉ်”** (အပိုင်း-၁၆)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ **သံဃာ့ဂုဏ်ရည် မြတ်လယ်တီ** -သေရည်သေရက် မေတ္တာစာ
၁၆။ မေးမြန်းစူးစမ်း
၁၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရွှေမင်းသမီး”** (အပိုင်း-၈)

**ထိုင်းနိုင်ငံ ဗန်ကောက်မြို့နေ Mr.Pornpan Thareechat က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ငွေကျပ်ခြောက်သိန်းနှစ်သောင်းနှစ်ထောင်ငါးရာ လှူဒါန်းရာ အလှူရှင်ကိုယ်စား ပေးအပ်လှူဒါန်းသူများထံမှ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။** (က-ပ)







**အမှာစကားပြောကြား**

**မြန်မာနိုင်ငံ အမျိုးသား အိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆ ခုနှစ် (၃၈)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သော အောင်ပွဲရ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအား ဂုဏ်ပြုတည်ခင်းသည့် ညစာစားပွဲတွင် ဂုဏ်ပြု အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

● ***ရှေ့ဖုံးမှ***

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၏ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ပွဲရမြန်မာလက်ရွေးစင်ဘောလုံးအသင်း အဖွဲ့ခေါင်းဆောင်နှင့် အသင်းဝင်ဘောလုံးသမားများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အောင်ပွဲရ မြန်မာလက်ရွေးစင်ဘောလုံးအသင်းတွင် ပါဝင်ကြသူများအား မိတ်ဆက်ပေးသည်။

## လှိုက်လှိုက်လှဲလှဲ

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်နိုင်ဆု ဆုတံဆိပ်များ ရယူဆွတ်ခူးနိုင်ခြင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး၏ဂုဏ်သိက္ခာအဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားမှုဂုဏ်ကို ဖော်ဆောင်ခြင်းလည်း ဖြစ်သည်ဟု နိုင်ငံတော်အစိုးရက ခံယူထားကြောင်း၊ ယင်းခံယူချက်နှင့်အညီ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ထိုက်တန်သည့် ဂုဏ်ဒြပ်ကိုဆောင်ကြဉ်းပေးနိုင်ခဲ့သည့် မာဒေးကားချန်ပီယံ မြန်မာလက်ရွေးစင်ဘောလုံးအသင်းကို နိုင်ငံတော်က ယခုကဲ့သို့ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုချီးမြှင့်ရခြင်းဖြစ်သည်ဟု ဦးစွာပထမ ပြောကြားလိုကြောင်း။

မြန်မာ့ဘောလုံးလက်ရွေးစင်အသင်း၏သမိုင်းကြောင်းမှာ မြန်မာ့ဘောလုံးရွှေခေတ်အစ ၁၉၆၄ခုနှစ် မာဒေးကားဘောလုံးပြိုင်ပွဲ အောင်နိုင်မှုက စခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်ကြောင်း၊ ယခုတစ်ဖန် မာဒေးကားကအစပြုသည့် မြန်မာ့ဘောလုံးလောက၏ အောင်မြင်မှုသည် အနာဂတ် နိုင်ငံတကာပြိုင်ပွဲများတွင် ရှေ့ဆက်လက် အောင်ပွဲဆင်နိုင်စေရေးအတွက် သွေးသစ်လောင်းပေးလိုက်ခြင်းဖြစ်သည့်အပြင် အောင်မြင်မှု သမိုင်းမှတ်တိုင်တစ်ခုကို မှတ်မှတ်ရရ ပြန်လည် စိုက်ထူလိုက်ခြင်းလည်းဖြစ်သည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

## အမျိုးသားရေးအမြင်

နိုင်ငံတော်အစိုးရအနေဖြင့် **"အားကစားအောင်နိုင်မှု အဆင့်အတန်းသည် နိုင်ငံတော်နှင့် လူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်ဖော်ညွှန်းစေတယ်"၊ "နိုင်ငံတကာမှာ အားကစားအောင်နိုင်ခြင်းဟာ နိုင်ငံနဲ့ လူမျိုးရဲ့ ဂုဏ်သိက္ခာကို တိုးတက်မြင့်မားစေတယ်"** ဆိုသော ခံယူချက်ဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကို အမျိုးသားရေးအမြင်ဖြင့် ယှဉ်တွဲပြီး အထူးအားပေးချီးမြှောက်လျက်ရှိခြင်းကိုအားလုံးအသိပင်ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က အားပေးချီးမြှောက်လျက်ရှိသည့်အလျောက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စာပေ၊ သဘင်၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များ၊ စေတနာရှင်ပြည်သူများ၊ အားကစားဝါသနာရှင်ပြည်သူများအပါအဝင် တစ်မျိုးသားလုံးက မြန်မာ့အားကစား ပြန်လည်ဦးမော့လာရေးအတွက် တစ်ခဲနက်အားပေးချီးမြှောက်လျက်ရှိခြင်းများ၊ အထူးသဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အားကစားနည်းအလိုက် တာဝန်ယူပြီး ပိုင်ပိုင်နိုင်နိုင် အားပေးချီးမြှောက်မှုများ ပြုလုပ်နေကြခြင်းများသည် မြန်မာလူမျိုးတို့၏ တစ်သွေးတည်း တစ်သားတည်းသော အမျိုးသားရေးစိတ်ဓာတ်ကြောင့်ဖြစ်သည်သာမက မြန်မာ့အားကစားအောင်နိုင်မှုကို ထက်ထက်သန်သန် လိုလားတောင့်တနေမှုကြောင့်လည်း ဖြစ်ကြောင်း။

***စာမျက်နှာ ၈ ကော်လံ ၁ သို့***





**အောင်ပွဲရ မြန်မာ့လက်ရွေးစင်အသင်းအား လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်။**

ဓာတ်ပုံမှတ်တမ်း-တင်စိုးနှင့် သိန်းဝင်းလေး(မြန်မာ့အလင်း)





# နီပေါတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရေး တရုတ်စီးပွားရေးလုပ်ငန်းရှင်များအား တိုက်တွန်း

ခတ္တမန္ဒူ စက်တင်ဘာ ၁၀

**နီပေါနိုင်ငံ၏ ဘက်စုံကုန်သွယ်ရေးနယ်ပယ်တွင် တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရင်းနှီး မြှုပ်နှံမှုများ ပြုလုပ်ကြရေးအတွက် နီပေါဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ကေ-ပီ ရှာမာ အိုလီက စက်တင်ဘာ ၈ ရက်၌ တိုက်တွန်းလိုက်သည်။**

နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒသဘောတူညီမှု ရရှိပြီးဖြစ်ရာ နီပေါနိုင်ငံ၏ ကုန်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍများတွင် တရုတ် လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံကြရန် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ပြုလုပ်သည့် ဒုတိယအကြိမ် တရုတ် ကုန်စည်ပြပွဲ ဖွင့်ပွဲ အခမ်းအနား၌ ရှာမာအိုလီက ပြောကြားသည်။

**မြင့်တက်**

တရုတ်နှင့် နီပေါနှစ်နိုင်ငံတို့သည် ၂၀၀၅ ခုနှစ်က နှစ်နိုင်ငံကုန်သွယ်ရေး မြင့်တက်ခဲ့ရာ ၂၀၀၄ ခုနှစ်ကထက် ၁၄ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

**မျှော်မှန်း**

ကျန်ဟိုင်-လာဆာမီးရထားလမ်း ဖွင့်လှစ်ခဲ့ပြီးနောက် နီပေါနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းမြင့်တက်လာမည်ဟု မျှော်မှန်းထားသည်။

**ပြုလုပ်မည်**

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ကျင်းပလျက်ရှိသည့် တရုတ်ကုန်စည်ပြပွဲ၌ အီလက်ထရွန်နစ်ပစ္စည်းများ၊ မော်တော်ကား၊ ဆိုင်ကယ်၊ အဝတ်အထည်နှင့် ပရိဘောဂများကို ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။

**အမ်အင်အေ၊ဆင်ပှာ**



## နန်ဘိုအပြည်ပြည်ဆိုင်ရာ ကားပြပွဲ

**တရုတ်နိုင်ငံ အရှေ့ပိုင်း ဇီကျင်းပြည်နယ်တွင် ကျင်းပသည့် (၆)ကြိမ်မြောက် နန်ဘိုအပြည်ပြည်ဆိုင်ရာ ကားပြပွဲ၌ ပါဝင်ပြသထားသော ကားများကို စက်တင်ဘာ ၇ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# သီရိလင်္ကာမြောက်ပိုင်း၌ ဗုံးပေါက်ကွဲ

**ကိုလံဘို စက်တင်ဘာ ၁၀**

သီရိလင်္ကာမြောက်ပိုင်းတွင် စက်တင်ဘာ ၈ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ပြည်သူခြောက်ဦးဒဏ်ရာရရှိသွားကြောင်း အမျိုးသားလုံခြုံရေး ဆိုင်ရာသတင်းဌာန (အမ်စီအင်န်အက်စ်)က ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

**ဖော်ပြ**

ဗုံးပေါက်ကွဲမှုမှာ စက်တင်ဘာ ၈ရက် နံနက်၇နာရီခန့်က ဖြစ်ပြီး ကိုလံဘိုမြို့တော်မြောက်ဘက် ကီလိုမီတာ၂၅၀ခန့်အကွာ ဗာဗုနီးယာမြို့၌ ဖြစ်ပွားခြင်းဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

**သေဆုံးခဲ့**

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ တင်ပို့ကုသပေးလျက်ရှိသည်။ သီရိလင်္ကာနိုင်ငံတွင် ပြီးခဲ့သည့် ဇူလိုင်လကတည်းက ထိုသို့သော ဖြစ်ရပ်များကြောင့် လူရာနှင့်ချီကာ သေဆုံးခဲ့ရပြီးဖြစ်သည်။

**အမ်အင်အေ၊ဆင်ပှာ**

# ကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်မှု တိုက်ဖျက်ရေးမဟာဗျူဟာ ကုလသမဂ္ဂအထွေထွေညီလာခံ ချမှတ်အတည်ပြု

ဂျီနီဗာ စက်တင်ဘာ ၁၀

**အကြမ်းဖက်မှုတိုက်ဖျက်ရန် နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် ကြိုးပမ်းမှုများ မြှင့်တင်ပေးမည့် တစ်ခုတည်းသော အစွမ်းထက်သည့် ကိရိယာအဖြစ် ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး မဟာဗျူဟာတစ်ရပ်ကို ကုလသမဂ္ဂ အထွေထွေညီလာခံက စက်တင်ဘာ ၈ ရက်တွင် ချမှတ်အတည်ပြုလိုက်သည်။**

ဆုံးဖြတ်ချက်နှင့် ပူးတွဲလုပ်ငန်း စီမံချက်အဖြစ် ကမ္ဘာ့မဟာဗျူဟာတစ် ရပ်ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ပထမဆုံး အကြိမ်သဘောတူ ဆုံးဖြတ် လိုက်ကြ ခြင်းဖြစ်သည်။ ဤမဟာဗျူဟာကို ချမှတ်ခြင်း မှာ ၂၀၀၅ခုနှစ် စက်တင်ဘာ ထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့ခေါင်းဆောင်များ ပေးခဲ့သည့်ကတိကို ဖြည့်ဆည်း လိုက်ခြင်း ဖြစ်သည်။



**အခြေခံတည်ဆောက်**

ထို့ပြင် "အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် စည်းလုံးညီညွတ်ကြရန်နှင့် ကမ္ဘာလုံးဆိုင်ရာ တန်ပြန် အကြမ်း ဖက်မှုမဟာဗျူဟာ ထောက်ခံတင်ပြ ချက်များ"ဟူသော ခေါင်းစဉ်ဖြင့် မေလအတွင်းက ထုတ်ပြန်သည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာပါ အချက်အလက် အများအပြားအပေါ် အခြေခံတည်ဆောက်ထားခြင်းလည်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ပှာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

# ကမ္ဘာ့အကြီးဆုံး ပီဇာမုန့်

**ကမ္ဘာပေါ်တွင် အကြီးဆုံး ပီဇာမုန့်ကြီးတစ်ခုကို ပြုလုပ်နေစဉ်။** (ယာပုံ)

ရုရှားနိုင်ငံ မော်စကိုမြို့တွင် မော်စကိုမြို့ပုံစံငယ် ပီဇာမုန့်ကြီးကို စတင်ပြုလုပ်လျက်ရှိသည်။ ၎င်းပီဇာမုန့်ကြီးတွင် မော်စကိုမြို့ရှိ နာမည်ကျော် အဆောက်အအုံ ပုံစံများပါရှိမည်ဖြစ်သည့်အပြင် အရွယ်အစားမှာ အချင်း ၁၈ ဒသမ ၇ပေရှိရာ ကမ္ဘာပေါ်၌ အကြီးမားဆုံး ပီဇာမုန့်ကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်ရန် ကြိုးစားမည်ဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**



## ကမ္ဘာ့အလေးဆုံး ယပ်တောင်

**ကမ္ဘာပေါ်တွင် အလေးချိန် အများဆုံး ယပ်တောင်တစ်ခုကို ပြသနေစဉ်။** (ဝဲပုံ)

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် တရုတ်အမျိုးသား တစ်ဦးက သံပြားများဖြင့် ပြုလုပ်ထားသည့် ယပ် တောင်ကြီးတစ်ခုမှာ အလေးချိန် ၁၀ကီလိုရှိကြောင်း သိရသည်။ ၎င်း ယပ်တောင်ကြီးကို ၂၀၀၈ ပေကျင်း အိုလံပစ်ကို ကြိုဆိုခြင်းနှင့် ဂင်းနက်စ် မှတ်တမ်းဝင်ရန်တို့အတွက် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

# အမေရိကန်တပ်ဖွဲ့ဝင် ၂၆၅၀ကျော် အီရတ်တွင် သေဆုံးခဲ့ကြပြီ

**ဘဂ္ဂဒက် စက်တင်ဘာ ၁၀**

ဘဂ္ဂဒက်မြို့တော် တောင်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလာသည့် မော်တော်ယာဉ် လမ်းဘေးဗုံးခွဲ တိုက်ခိုက်ခံရပြီးနောက် ရရှိသော ဒဏ်ရာဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သောကြာနေ့က သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

**တိုက်ခိုက်ခံရ**

အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်မှာ ကြာသပတေးနေ့ နံနက် ၂နာရီခန့်က လမ်းဘေးဗုံးခွဲ တိုက်ခိုက်ခံခဲ့ရသည်။

အန်ဘာပြည်နယ်အတွင်း စက်တင်ဘာ ၆ ရက်က ရန်သူ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရရှိသော ဒဏ်ရာဖြင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန် စစ်ဘက်က သောကြာနေ့ စောစောပိုင်းက ကြေညာသည်။

**ဖော်ပြ**

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်များ ကျူးကျော်ဝင်ရောက်ပြီး နောက်ပိုင်း အီရတ်၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၂၆၅၀ကျော်ရှိခဲ့ပြီဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ပှာ**

11-9 (04) 1 9/11/06, 1:06 AM

# အမေရိကန်တို့၏ကမ္ဘာ့ကုန်သွယ်မှုအဆောက်အအုံတိုက်ခိုက်ခံရသည့် ၉/ ၁၁ ငါးနှစ်ပြည့်ခဲ့ပြီ

## ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်နောက်ပိုင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းသွားခဲ့ ခရီးသွားလုပ်ငန်းများ ဆိုးရွားစွာ ထိခိုက်လျက်ရှိကြောင်း အမေရိကန်မီဒီယာတို့ဖော်ပြ

**၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ရက်က နယူးယောက်မြို့ ကမ္ဘာ့ကုန်သွယ်မှု ဗဟိုဌာနအဆောက်အအုံကို လေယာဉ်နှစ်စင်းဖြင့် ဝင်တိုက်ခဲ့သည့် ထိတ်လန့်ချောက်ချားဖွယ်ရာ အဖြစ်အပျက်သည် စက်တင်ဘာ ၁၁ရက်**(ယနေ့)**၌ ငါးနှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။**

### မြင်တွေ့ရ

ယခုလ စက်တင်ဘာ ၁၁ရက်မတိုင်မီ ငါးရက် အလိုကပင် အယ်ဂျာဇီရာရုပ်မြင်သံကြားသတင်းဌာနက နယူးယောက်ရှိ ကမ္ဘာ့ကုန်သွယ်မှု အဆောက်အအုံကို ခရီးသည် လေယာဉ်များဖြင့် ဝင်တိုက်ခဲ့သည့် ဗီဒီယို တိပ်ခွေကို ထုတ်လွှင့်ပြသလျက် ရှိသည်။ ၎င်းဗီဒီယို တိပ်ခွေ၌ တိုက်ခိုက်မှုကို ကြိုတင်ပြင်ဆင်ခဲ့ပုံများနှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့ပုံများကို မျက်နှာတွင် အဝတ် အနက်စည်းထားသူများက ပြုလုပ်နေပုံများနှင့် ခရီးသည်လေယာဉ်များကို အပိုင်စီးပြီး ဝင်တိုက်ခဲ့ပုံများကို မြင်တွေ့ခဲ့ရသည်။



**နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်မှု ဗဟိုဌာန အဆောက်အအုံကို လေယာဉ်ဖြင့် ဝင်တိုက်ခဲ့ပြီး မီးလောင်နေသည်ကို ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

### တိုက်ခိုက်ခဲ့

ကမ္ဘာ့ကုန်သွယ်မှုအဆောက်အအုံကို လေယာဉ်များဖြင့် ဝင်တိုက်ခဲ့မှုမှာ အယ်လ်ခိုင်ဒါအဖွဲ့ဝင်၁၉ဦးတို့က လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်။ အပိုင်စီးခဲ့သော လေယာဉ်လေးစင်းအနက် တစ်စင်းသည် ပင်တဂွန်စစ်ဌာနချုပ်သို့ ဦးတည်ပျံသန်းခဲ့ပြီးနောက် လေယာဉ်တစ်စင်းမှာ ခရီးသည်များ ခုခံမှုကြောင့် မူလရည်ရွယ်ချက်ပျက်ကာ ပင်ဆယ်လ်ဗေးနီးယားပြည်နယ်အတွင်း ထိုးဆင်းသွားခဲ့ကာ ကျန်လေယာဉ်နှစ်စင်းကသာ တစ်စင်းနှင့် တစ်စင်း ၁၇ မိနစ်ခြား၍ နယူးယောက်ရှိ ကမ္ဘာ့ကုန်သွယ်မှု အဆောက်အအုံကို ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ပထမလေယာဉ် ဘိုးရင်း–၇၆၇တွင် အယ်လ်ခိုင်ဒါအဖွဲ့ဝင်ငါးဦးက ခရီးသည်၉၂ဦးနှင့် လေယာဉ်အမှုထမ်းများကို ခြိမ်းခြောက်ကာ ကမ္ဘာ့ကုန်သွယ်မှု အဆောက်အအုံ၏ မြောက်ဘက်ခြမ်းကို စက်တင်ဘာ၁၁ရက် နံနက်၈နာရီ၄၆မိနစ်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

### သေဆုံးသူ

ဒုတိယလေယာဉ်ဖြစ်သည့် ဘိုးရင်း–၇၆၇လေယာဉ်တွင် အယ်လ်ခိုင်ဒါအဖွဲ့ဝင်ငါးဦးက ခရီးသည်၆၅ဦးနှင့် လေယာဉ်အမှုထမ်းများကို အကျပ်ကိုင်ကာ ထိုနေ့နံနက် ၉ နာရီ ၃မိနစ်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ထိုသို့အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ကမ္ဘာ့ကုန်သွယ်မှု အဆောက်အအုံကြီး ပြိုကျကာ လူပေါင်း၂၇၉၃ဦးသေဆုံးခဲ့ရသည်။ သေဆုံးသူအများစုမှာ အမေရိကန်နိုင်ငံသားများဖြစ်ကြသည်။

နောက်လေယာဉ်တစ်စင်းမှာ ခရီးသည်၆၄ဦးပါရှိသည့် အမေရိကန်ဘိုးရင်း–၇၅၇လေယာဉ်ဖြစ်ပြီး အကြမ်းဖက်သမားငါးဦးက ပင်တဂွန်စစ်ဌာနချုပ် အနောက်တောင်ဘက် အခြမ်းကို ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။ ပင်တဂွန်စစ်ဌာနချုပ်ကို လေယာဉ်ဖြင့် ဝင်တိုက်ခြင်းကြောင့် အမေရိကန်အစိုးရ တုန်လှုပ်ချောက်ချားသွားခဲ့ပြီး လုံခြုံရေးအစီအမံများ ညံ့ဖျင်းမှုအပေါ် အကြီးအကျယ် ဝေဖန်ပြစ်တင်ခြင်း ခံခဲ့ရသည်။

### စိတ်ပိုင်းဆိုင်ရာ

ထိုသို့ နယူးယောက်ရှိကမ္ဘာ့ကုန်သွယ်မှု အဆောက်အအုံကို လေယာဉ်ဖြင့် ဝင်တိုက်ခဲ့မှုအကျိုးဆက်မှာ နယူးယောက်မြို့ရှိ ပြည်သူများ၊ အထူးသဖြင့် ထိုစဉ်က ကိုယ်ဝန်ဆောင် မိခင်များနှင့် ကမ္ဘာ့ကုန်သွယ်မှု အဆောက်အအုံ အနီးနေထိုင်ကြသူ ကလေးသူငယ်များ၊ မွေးကင်းစကလေးငယ်များတွင် ထိတ်လန့်ဖွယ်ရာအဖြစ်ဆိုးကြောင့် ယခုအချိန်ထိ စိတ်ပိုင်းဆိုင်ရာချွတ်ယွင်းမှုများ ဖြစ်ပေါ်ခံစားနေရကြောင်း နယူးယောက်ရှိလစဉ်၊ နှစ်စဉ်ကျန်းမာရေးစစ်ဆေးမှု ပြုလုပ်ချက်များတွင် ဖော်ပြထားသည်။

ထို့အတူ နယူးယောက်မြို့ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ၂၀၀၅ခု နှစ်လယ်အထိ ရပ်ဆိုင်းသွားပြီး တည်ဆောက်ရေး လုပ်ငန်းများအားလုံးတွင် လုံခြုံရေး အစီအမံများ ထပ်မံထည့်သွင်းခဲ့ရသဖြင့် အချို့အထပ်မြင့် အဆောက်အအုံများ ယခုအချိန်ထိ ရပ်တန့်လျက်ရှိသည်။

### ဆိုးရွားစွာထိခိုက်

တစ်ဖန် အမေရိကန် တစ်ဝန်း စီးပွားရေးတိုးတက်မှုနှုန်းကျဆင်းသွားခဲ့သည့်အပြင် ယခုအချိန်အထိ နှေးကွေးသော စီးပွားရေးတိုးတက်မှု အနေအထားသာရှိနေကြောင်း၊ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ရက်နောက်ပိုင်း နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းသွားခဲ့ပြီး ခရီးသွားလုပ်ငန်းများ ယခုအချိန်အထိ ဆိုးရွားစွာ ထိခိုက်လျက်ရှိကြောင်း အမေရိကန် မီဒီယာများက ဖော်ပြလျက်ရှိသည်။

### ဘေးအန္တရာယ်အရှိဆုံး

အဆိုးရွားဆုံးမှာ အမေရိကန် အပါအဝင် ဥရောပနိုင်ငံအများအပြား၌ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ကြံစည်အားထုတ်မှုများ ပိုမိုထူပြောလာခြင်း ဖြစ်သည်။ ကမ္ဘာတစ်ဝန်း ခရီးသွားများ လုံခြုံဘေးကင်းမှု အခြေအနေ



**အသစ်ပြန်လည် တည်ဆောက်မည့် နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်မှု အဆောက်အအုံ ပုံစံ**(ဝဲစွန်)**ကို တွေ့ရစဉ်။** (ဓာတ်ပုံ–အင်တာနက်)

နိမ့်ကျလျက်ရှိရာ လက်ရှိအချိန်၌ လေယာဉ်ဖြင့် ခရီးသွားခြင်းသည် ဘေးအန္တရာယ်အရှိဆုံးဟု ခရီးသွားများက ခံယူထားကြောင်း အမေရိကန်ခရီးသွားအေဂျင်စီများ၏ လေ့လာချက်စစ်တမ်းကို အမေရိကန်မီဒီယာများက ဖော်ပြထားသည်။

### အင်တာနက် အထူးသတင်း


The New York Times
U.S. ATTACKED
HIJACKED JETS DESTROY TWIN TOWERS AND HIT PENTAGON IN DAY OF TERROR

**၉/၁၁ တိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ နယူးယောက်မြို့ သတင်းစာတို့၌ ဤသို့ဖော်ပြခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)

### မိုးပျံအဆောက်အအုံ

ယခုအခါ တိုက်ခိုက်ခံခဲ့ရသည့် ကမ္ဘာ့ကုန်သွယ်မှု အဆောက်အအုံနေရာ၌ ၁၇၇၆ ပေ မြင့်သည့် ဖရီးဒမ်းတာဝါအမည်ရှိ မိုးပျံ အဆောက်အအုံတစ်ခုကို ထပ်မံတည်ဆောက်ရန် စီစဉ်နေပြီဖြစ်သည်။ ထိုအဆောက်အအုံကို ၂၀၁၀ပြည့်နှစ်တွင် အပြီးတည်ဆောက်ရန် မျှော်မှန်းထားပြီး မြောက်အမေရိက၌ အမြင့်ဆုံးအဆောက်အအုံတစ်ခုဖြစ်လာမည်ဖြစ်ပြီး ကမ္ဘာပေါ်၌လည်း အမြင့်ဆုံး အဆောက်အအုံ တစ်ခုဖြစ်လာမည် ဖြစ်သည်။

သို့သော်လည်း ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ရက် ဖြစ်ရပ်ကြောင့် ယခုတည်ဆောက်လျက်ရှိသည့် ဖရီးဒမ်းတာဝါ ၏ လုံခြုံရေးအစီအစဉ်များမှာ ဖြည့်စွက်၍ မပြီးနိုင်အောင် ဖြစ်နေကြောင်း အမေရိကန်မီဒီယာများက ဖော်ပြကြသည်။ ။ **(ကိုးကား–အင်တာနက်)**

# ပိုလ်တထောင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ညီလာခံအတွေ့အကြုံရှင်း

**ရန်ကုန် စက်တင်ဘာ ၁၀**

ဗိုလ်တထောင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ကကြီးမှူးကျင်းပသော စတုတ္ထအကြိမ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ညီလာခံ အတွေ့အကြုံရှင်းလင်းပွဲ၊ စာအုပ်၊ ဂျာနယ်၊ မဂ္ဂဇင်းလှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းတည့်၁၂ နာရီက ဗိုလ်တထောင်မြို့နယ် ဝိုင်အမ်စီအေခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)မှ တာဝန်ရှိသူများ၊ ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ ဗိုလ်တထောင်မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အမှာစကား

ရှေးဦးစွာ သဘာပတိ ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့ဥက္ကဋ္ဌ ဦးကြိုင်မြင့်(မောင်ရန်ရှင်း)**(ယာပုံ)**နှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့(ဗဟို)မှ တွဲဖက်အတွင်းရေးမှူးဦးကိုကို(ကိုကိုစက်မှုတက္ကသိုလ်) တို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ ဆက်လက်ပြီးဗိုလ်တထောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင်က အမှာစကား ပြောကြားသည်။

### လှူဒါန်း

ထို့နောက် ဗိုလ်တထောင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဆွေ(မြင့်ဆွေမြင့်)က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ညီလာခံတွင်ပြောကြားသည့်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)နှင့် ပြန်ကြားရေးဝန်ကြီးတို့၏ မှာကြားချက်ကိုဖတ်ကြားတင်ပြသည်။

### ဖတ်ကြားတင်ပြ

ဆက်လက်၍ စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ မြို့နယ်အလုပ်အမှုဆောင် ဦးစန်းတင့်(တက္ကသိုလ်ဆန်းတင့်နိုင်)က စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ လှူဒါန်းသည့် စာအုပ်များစာရင်းကို ဖတ်ကြားတင်ပြပြီး ဦးတင်ထွန်း(တင်ထွန်း–တောင်ကုတ်)ကမြို့နယ်အတွင်းရှိ ရပ်ကွက်(၁၀)ရပ်ကွက်ကိုယ်စား အမှတ်(၇)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ခင်ထံ စာအုပ်များကို ပေးအပ်လှူဒါန်းသည်။

**(မြန်မာ့အလင်း)**

# အထက(၂) ပန်းဘဲတန်း မြတ်ဆရာပူဇော်

**ရန်ကုန် စက်တင်ဘာ ၁၀**

အထက(၂)ပန်းဘဲတန်းကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို လာမည့်နိုဝင်ဘာ ၂၆ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ အနေဖြင့် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ကော်မတီဝင် ဦးမောင်မောင်ထွေး ဖုန်း–၂၉၄၂၂၇ လိုင်းခွဲ ၂၀၅၈၊ ဦးကျင်ဝက် ဖုန်း–၀၉–၅၀၀ ၆၅၁၉၊ ဦးစိုးနိုင် ဖုန်း–၂၂၅၁၅၈၊ ဦးသန်းဆွေ ဖုန်း–၂၈၀၀၁၅၊ ဦးလှဌေး ဖုန်း–၀၉–၅၁၀ ၃၂၉၆နှင့် ဒေါ်ကြည်ကြည်ဌေး ဖုန်း–၅၄၅၄၈၄တို့သို့ ဆက်သွယ် လှူဒါန်းကြရန် နှိုးဆော်ထားသည်။ **(က–ပ)**



# မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့ သတင်းအကျဉ်း

## စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်းတွင် ပြီးခဲ့သည့် သီတင်းတစ်ပတ်အတွင်းဖြစ်ပွားခဲ့သော ထူးခြားသတင်း ဖြစ်ရပ်အချို့ကို စုစည်းပြီး မြန်မာ့အလင်းပရိသတ်အတွက် ဖော်ပြအပ်ပါသည်။

**စက်တင်ဘာ ၄**

– ဂျပန် အီလက်ထရွန်နစ်ကုမ္ပဏီဖြစ်သည့် ပင်နာဆိုးနစ်ကုမ္ပဏီက ပင်နာဆိုးနစ်နုတ်ဘုတ်ကွန်ပျူတာများတွင် အသုံးပြုထားသည့် ဘက်ထရီများကို ပြန်လည်ရုပ်သိမ်းရန် သတင်းထုတ်ပြန်လိုက်သည်။ ဘက်ထရီများတွင် ဓာတ်အားစုစည်းမှုစနစ် လျော့နည်းပျက်စီးနေ၍ ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။




– အီရန်နိုင်ငံသည် နျူကလီးယားအစီအစဉ် ရပ်တန့်ရေးအတွက်မှလွဲ၍ အခြားကိစ္စများကိုသာ ဆွေးနွေးရန်လက်ခံမည်ဖြစ်ကြောင်း၊ အရှိန်အဟုန်ရရှိနေပြီဖြစ်သော နျူကလီးယားအစီအစဉ်ကို မည်သည့်နည်းနှင့်မျှ ရပ်တန့်နောက်ဆုတ်တော့မည်မဟုတ်ကြောင်း အီရန်သမ္မတ အာမက်ဒီနဲရတ်က ပြောကြားလိုက်သည်။

– ကမ္ဘာပေါ်တွင် စွမ်းရည်အမြင့်မားဆုံးနှင့် လုပ်ငန်းများကို အချိန်တိုအတွင်း အလျင်အမြန်ဆုံး လုပ်ဆောင်ပေးနိုင်သည့် စူပါကွန်ပျူတာကို အိုင်ဘီအမ်ကွန်ပျူတာလုပ်ငန်းမှ ထုတ်လုပ်တော့မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ ထိုစူပါကွန်ပျူတာသည် တစ်စက္ကန့်တွင် သိလိုသည့် သတင်းအချက်အလက် ထောင်ပေါင်း ၁ဒသမ ၆ထရီလီယံအထိ ချက်ချင်းဖော်ပြပေးနိုင်စွမ်းရှိကြောင်း သိရသည်။

**စက်တင်ဘာ ၅**

– ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာရေးအတွက် အင်ဒိုနီးရှားနိုင်ငံက ကြိုးစားသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဟက်ဆန်ဝီရာယူဒါက ပြောကြားလိုက်သည်။ ကုလသမဂ္ဂသည် လုံခြုံရေးကောင်စီ၏ အမြဲတမ်း အဖွဲ့ဝင်မဟုတ်သော နိုင်ငံများကို လာမည့် အောက်တိုဘာ ၁၆ ရက်၌ ရွေးချယ်မည်ဖြစ်သည်။

– တောင်အာဖရိကနိုင်ငံသည် အာဖရိကတိုက်တွင် စီးပွားရေးလုပ်ကိုင်ရန် အကောင်းဆုံးနိုင်ငံဖြစ်ပြီး စီးပွားရေးလုပ်ငန်းအများအပြားက စတင်ရင်းနှီးမြှုပ်နှံနေသော ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့က သတင်းထုတ်ပြန်လိုက်သည်။

**စက်တင်ဘာ ၆**

– ၂၀၀၅ ခုနှစ်နှင့် ၂၀၀၆ ခုနှစ် ပထမခြောက်လတာ ကာလအတွင်း ငလျင်လှုပ်မှု၊ ရေလွှမ်းမှု၊ စစ်ဘေးစစ်ဒဏ်ခံရမှု၊ ရောဂါဘယဖြစ်ပွားမှုနှင့် ဆူနာမီရေလှိုင်း ရိုက်ခတ်ခံရမှုကြောင့် ကမ္ဘာတစ်ဝန်း ကလေးငယ်ပေါင်း အများအပြားသေဆုံးခဲ့ရကြောင်း၊ ထိုသေဆုံးမှုအရေအတွက်မှာ သေဆုံးသူဦးရေ၏ သုံးပုံတစ်ပုံရှိကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြသည်။

– ကမ္ဘာ့စျေးကွက်၌ ရေနံစျေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၉ ဒေါ်လာအထိ ကျဆင်းခဲ့ရာ သီတင်းပတ် ၁၀ ပတ်အတွင်း ပထမဆုံး ရေနံစျေးနှုန်းကျဆင်းခြင်းဖြစ်ကြောင်း၊ ရေနံစျေးနှုန်းသည် မကြာမီရက်များက ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၃ ဒေါ်လာအထိ စျေးတက်ခဲ့ကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**စက်တင်ဘာ ၇**

– ဆူနာမီကြိုတင်သတိပေးစနစ်ကို ဂျပန်နိုင်ငံက စမ်းသပ်ပြုလုပ်နေလျက်ရှိရာ အဆိုပါဆူနာမီကြိုတင်သတိပေးမှုသည် ဆူနာမီမဖြစ်ပေါ်မီ စတင်ဖြစ်ပေါ်လာသည့် ငလျင်ငယ်တစ်ခုကို ကြိုတင်ထောက်လှမ်းပြီး အချက်ပေးကိရိယာမှနေ၍ ဆူနာမီမဖြစ်ပေါ်မီ သုံးမိနစ်မှ ငါးမိနစ်အတွင်း ကြိုတင်သတိပေးနိုင်မည်ဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

– (၁၄)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ထိပ်သီးအစည်းအဝေးကို ကျူးဘားနိုင်ငံ ဟာဗားနားမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ကျင်းပမည့်ရက်မှာ စက်တင်ဘာ ၁၄ ရက်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ကြောင်း၊ အိမ်ရှင် ကျူးဘားသမ္မတ ဖီဒယ်ကက်စထရိုမှာ ကျန်းမာရေးအခြေအနေအရ တက်ရောက်နိုင်ဖွယ်မရှိကြောင်း၊ သို့သော် ဧည့်သည်တော်များအား လိုအပ်သည်များ အပြည့်အဝ ပံ့ပိုးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ကျူးဘားနိုင်ငံက သတင်းထုတ်ပြန်သည်။

**စက်တင်ဘာ ၈**

– အလေးချိန်ပေါင် ၂၀၀၀ ရှိသည့် ပဲ့ထိန်းဗုံးကို တပ်ဆင်ထားသော ဒုံးကျည်“မက်ဆင်ဂျာ”ကို လာမည့်ရက် အနည်းငယ်အတွင်း စမ်းသပ်ပစ်လွှတ်မည်ဖြစ်ကြောင်း အီရန်က ကြေညာသည်။ ယင်းဒုံးကျည်သည် ပစ်မှတ်ကို တိုက်ရိုက်ထိမှန်ကြောင်း မြင်တွေ့ရမည်ဟု အီရန် ကာကွယ်ရေးဝန်ကြီး မိုစတာဖာ မိုဟာမက်နာဂျာက ပြောကြားလိုက်သည်။



– အာကာသအတွင်း အလွန်ဝေးကွာသည့်အရပ်၌ အရောင်ထွန်းလင်းတောက်ပလျက်ရှိသော နဂါးငွေ့တန်းကဲ့သို့အရာများကို နာဆာ၏ စပိုက်ဇာအာကာသအဏုကြည့် မှန်ပြောင်းမှတစ်ဆင့် မြင်တွေ့ခဲ့ရာ ၎င်းအရာများသည် တိမ်တိုက်များစုဝေးနေသကဲ့သို့ ရှိနေကြောင်း၊ ယခင်က တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ဖူးသောအရာများဖြစ်ကြောင်း၊ အတိအကျသိရှိရန် ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း နာဆာမှ သတင်းထုတ်ပြန်သည်။

**စက်တင်ဘာ ၉**

– နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ်မှု ဗဟိုဌာနအဆောက်အအုံကြီးကို လေယာဉ်နှစ်စင်းဖြင့် ဝင်တိုက်ဖြိုချခဲ့သည့် ငါးနှစ်မြောက်နှစ်ပတ်လည်အဖြစ် စက်တင်ဘာ ၁၁ ရက်တွင် ဥရောပတစ်လွှား နိုင်ငံအများအပြား၌ လုံခြုံရေးအနေအထားကို အမြင့်ဆုံးသတ်မှတ်ထားလိုက်ကြောင်း မီဒီယာများက ဖော်ပြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အနံ့ခံခွေးများ၊ ထောက်လှမ်းရေးကိရိယာများ စသည့်အင်အားများကို ယခင်ထက် သုံးဆပိုမိုအသုံးပြုထားကြောင်း သိရသည်။

– ဟစ်ဇ်ဘိုလာတို့နှင့် ၃၄ ရက်ကြာ တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာတွင် မိမိတို့ အစ္စရေးအစိုးရအနေဖြင့် စီမံခန့်ခွဲမှုနှင့် စစ်ရေးဆိုင်ရာ ကျွမ်းကျင်မှုအားနည်းခြင်းနှင့် ဆုံးရှုံးနစ်နာမှုများရှိခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်က ပထမဆုံးအကြိမ် ဝန်ခံလိုက်သည်။

– နိုင်ငံအတွင်း စွမ်းအင်လိုအပ်ချက် များလာလျက်ရှိသည့်အပြင် ကမ္ဘာ့စျေးကွက်၌ ရေနံစျေးနှုန်း ယခုထက် ပိုမိုတိုးမြင့်လာခဲ့လျှင် မလေးရှားနိုင်ငံသည် နျူကလီးယားစွမ်းအင်ရရှိရေးကို စဉ်းစားသုံးသပ်ရမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီး ဂျာမာလူဒင်ဂျာဂျစ်က ပြောကြားလိုက်သည်။

**စက်တင်ဘာ ၁၀**

– ကမ္ဘာ့ရေနံစျေးကွက်၌ ရေနံစျေးနှုန်း ပြန်လည်ကျဆင်းစပြုနေသော်လည်း ရေနံထုတ်လုပ်မှုကို ယခုအတိုင်း ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ယူအေးအီးနိုင်ငံ စွမ်းအင်ဝန်ကြီး မိုဟာမက်ဘင်ဒါရင်အယ်ဟာမီလီက ပြောကြားသည်။

– ကနေဒီ အာကာသယာဉ်စခန်းမှ လွှတ်တင်လိုက်သော အတ္တလန်တစ် အာကာသယာဉ်သည် တစ်စုံတစ်ရာချွတ်ယွင်းတိမ်းစောင်းမှုမရှိဘဲ နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ဦးတည်ပျံသန်းလျက်ရှိသည်။ ၁၁ ရက်ကြာမြင့်မည့် အာကာသခရီးစဉ်၌ နေရောင်ဖြင့် အင်ဂျင်စက်စွမ်းအင်လည်ပတ်နိုင်ရေးအတွက်လည်း နိုင်ငံတကာ အာကာသယာဉ်စခန်းတွင် လေ့လာမည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

---

## မြန်မာ့ရုပ်မြင်သံကြား

**၁၁–၉–၂၀၀၆ ရက် (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇:၁၅ | ၂။ | တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော် |
| ၇:၂၅ | ၃။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၄။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၅ | ၆။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈:၀၅ | ၇။ | အတီးပြိုင်ပွဲ |
| ၈:၁၀ | ၈။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈:၂၅ | ၉။ | အရေးပြိုင်ပွဲ |
| ၈:၃၅ | ၁၀။ | ပေါင်းလောင်းရေလှောင်တမံနှင့် လျှပ်စစ်ဓာတ်အားပေး စက်ရုံ |
| ၈:၄၅ | ၁၁။ | Grammar made Easy |
| ၉:၀၀ | ၁၂။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | Practice in Reading |
| ၁၆:၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၆:၅၅ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ] |
| ၁၇:၁၀ | ၆။ | အကပဒေသာ |
| ၁၇:၂၀ | ၇။ | မြန်မာစာ မြန်မာစကား |
| ၁၇:၃၀ | ၈။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ |
| ၁၇:၃၅ | ၉။ | တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း) |
| ၁၇:၄၅ | ၁၀။ | **“မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့”** လူမင်း၊ သူသူဟံသာ၊ အိမ်အိမ်း (ဒါရိုက်တာ–သက်တင်) |
| ၁၇:၅၀ | ၁၁။ | **၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) [ပညာရှင်အဆင့်] (အမျိုးသမီး)** |
| ၁၈:၀၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၁၄။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“တောတွင်းသားငယ်လေး”** (အပိုင်း–၇) |
| ၁၈:၅၀ | ၁၅။ | အတီးပြိုင်ပွဲ |
| ၁၉:၀၅ | ၁၆။ | **“စက်မှုဇုန်မှာ ကျွန်မ စက်ရုံလာတည်တော့မယ်”** ဖြိုးငွေစိုး၊ မိုးဒီ၊ စောနိုင် (ရှမ်းပြည်)၊ သဇင်၊ နှင်းဆီ၊ ခင်မို့မို့အေး [ဒါရိုက်တာ–တင်အောင်ရွှေ (သုတေသီ)] |
| ၁၉:၂၀ | ၁၇။ | အကပြိုင်ပွဲ |
| ၁၉:၃၀ | ၁၈။ | တေးဂီတအစီအစဉ် |
| ၁၉:၄၅ | ၁၉။ | နမ္မတီးတံတား(ကံလှ) |
| ၂၀:၀၀ | ၂၀။ | ပြည်တွင်းသတင်း |
| | ၂၁။ | နိုင်ငံတကာသတင်းများ |
| | ၂၂။ | မိုးလေဝသအခြေအနေ |
| | ၂၃။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“စပိုင်ချစ်သူ”** (အပိုင်း–၃) |
| | ၂၄။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၅။ | အစီအစဉ်ပြီး၏။ |

---

## တောင်ငူအသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

တောင်ငူအသင်း အသင်းတိုက် အလှူရှင် ဆရာတော်ကြီးများနှင့် အသင်းသား အသင်းသူ အုတ်တွင်းနှင့် ထန်းတပင်မြို့ နယ်သူ နယ်သား များ စုပေါင်း လှူဒါန်းထားသော အသင်းတိုက် ရေစက်ချနှင့် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗဟန်း ၂လမ်း တိုက်အမှတ် ၁၉ ပထမထပ်(ယာ)၌ ကျင်းပမည်ဖြစ်သည်။

သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးထွန်းထွန်း(ဘုရင့်နောင်သင်္ကန်းတိုက်) ဖုန်း–၅၄၃၉၅၈၊ ၀၉–၅၀–၀၁၉၀၃၊ ဦးတင်လှ အမှတ် ၃၅၊ သုခလမ်း ကျောက်မြောင်း ဖုန်း–၇၂၂၇၈၅၊ ဒေါ်မြင့်မြင့်စန်း အမှတ် ၈ ပဏ္ဍိတလမ်း လှိုင်မြို့နယ် ဖုန်း–၅၁၉၅၀၉ နှင့် ၀၉–၅၁–၂၅၄၄၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

---

## MRTV-4 အစီအစဉ်

**၁၁–၉–၂၀၀၆ (တနင်္လာနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | စိတ်အာရုံသို့ခံစားခြင်း |
| ၇:၂၅ | တေးဂီတအစီအစဉ် |
| ၇:၃၀ | MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာမ ဒေါက်တာ လမင်းနှင့် တွေ့ဆုံခြင်း) |
| ၇:၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၇:၅၀ | သစ်သီးဝလံပေါပြည့်ဝေဆာ ဒို့မြေမှာ(စိမ်းချိုသရက်သီး) |
| ၈:၀၀ | အောင်မြင်ကျော်ကြား မြန်မာ့ ရုပ်ရှင်ဒါရိုက်တာများ (ဒါရိုက်တာ ဟိန်းစိုးနှင့် တွေ့ဆုံခြင်း) |
| ၈:၄၅ | တေးဂီတအစီအစဉ် |
| ၈:၅၀ | မြန်မာစားဖိုမှူးများရဲ့ စွမ်းဆောင်ချက် |
| ၉:၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၁၀ | အနုပညာရုပ်ဝန်းမှ ပွဲတင်သံများ(ရောသမမွှေ ရိုက်ကွင်းသို့ သွားရောက်ခြင်း) |
| ၉:၂၀ | တေးဂီတအစီအစဉ် |
| ၉:၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၉:၃၀ | ဆီထွက်သီးနှံများထဲမှ ‘ဆီအုန်း’ |
| ၉:၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၄၅ | တေးဂီတအစီအစဉ် |
| ၉:၅၀ | မမေ့နိုင်စရာ နန်းတွင်းရတနာ ရိုက်ကွင်းရှာ |
| ၁၀:၄၀ | တေးဂီတအစီအစဉ် |
| ၁၀:၄၅ | ကြည်နူးနားဆင် ဂီတသံစဉ် |
| ၁၀:၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၀၅ | သံပုံထောင်းခြင်းဆိုင်ရာ နည်းပညာ |
| ၁၁:၂၀ | တေးဂီတအစီအစဉ် |
| ၁၁:၂၅ | လှပသစ်ဆန်းအလှပြင်ခန်း (Ko Ko Beauty Saloon) |
| ၁၁:၃၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀ | Printing Industry & Color Separation အကြောင်း သိကောင်းစရာ |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်**

| အချိန် | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁:၂၄ | Reading- Man:City | 5-Sports (Live) |

■ **ရှေ့ဖုံးမှ**

**မယားကျင့်ဝတ်(၅)ပါး**

**အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိတ္တာကြည်ရှောင်**
**လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။**

မယားဝတ္တရားကျေပွန်ရာတွင် စံတင်လောက်သည့် ပုဂ္ဂိုလ်များဖြစ်သည့် အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဗုလဆိုသည့် လင်သားများအပေါ် တာဝန်ကျေသည့် ဇနီးကောင်းလေးဦးအနက် ဝေဿန္တရာမင်းကြီး၏ဇနီးမယားဖြစ်သည့် မဒ္ဒီဒေဝီမိဖုရားကြီးသည် ထင်ရှားလှပေသည်။ ဝေဿန္တရာမင်းကြီး ဟိမဝန္တာအရပ်သို့ ပြည်နှင်ဒဏ်ခတ် ခံရသည့်အခါတွင် မဒ္ဒီဒေဝီမိဖုရားကြီးသည် နန်းတော်တွင် မနေရစ်ခဲ့ဘဲ ဆိုးတူကောင်းဖက် မိမိလင်သားနှင့်အတူ တောမြိုင်ရပ်သို့ အတူလိုက်ပါခဲ့ပြီး လင်သားနှင့် သားသမီးများကို ဆင်းရဲပင်ပန်းခံ၍ သစ်သီးဝလံများ ရှာဖွေကျွေးမွေးပြုစုခဲ့သည်မှာ စံတင်လောက်ပါသည်။ ထို့ကြောင့်ပင် တော်ဝင်သည့် မိန်းမကောင်း မိန်းမမြတ်အဖြစ် မှတ်တမ်းတင်ခံရခြင်းဖြစ်ပါသည်။ ။ **(သာသနာရေး)**

# အသင်းကြီး၏ရည်ရွယ်ချက်၊ ကျင့်ဝတ်များနှင့်အခြေခံမူများ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးစည်းရုံး လူငယ်မောင်မယ်များ အသိပညာ၊ အတတ်ပညာနှင့်အရည်အသွေးများ တိုးတက်အောင်အစဉ်လေ့ကျင့် နိုင်ငံတော်တည်ဆောက်ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၀

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသည့် လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။**

**တက်ရောက်**

အစည်းအဝေးသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်မောင်ဝင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်းနှင့် အလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် အသင်းသူ အသင်းသားများ တက်ရောက်ကြသည်။

အစည်းအဝေး ပထမပိုင်း အစီအစဉ်ကို စတင်ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသော မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၌ မိမိတို့အသင်း၏ ပြီးခဲ့သည့်နှစ်တစ်နှစ်လုံးအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းတာဝန်များအပေါ် ပြန်လည်သုံးသပ်ပြီး လာမည့်နှစ်တွင် အားသာချက်များကို ပိုမိုအားသာစေရန်နှင့် အားနည်းချက်များ လျော့နည်းပပျောက်သွားစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကောင်းသောယှဉ်ပြိုင်မှုဖြင့် လာမည့်နှစ်တွင် အသင်း၏စည်းရုံးရေးစွမ်းအား၊ တည်ဆောက်ရေးစွမ်းအား၊ ဖွံ့ဖြိုးရေးစွမ်းအားများ မြင့်မားရန် တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ လှိုင်သာယာမြို့နယ်အသင်းအနေဖြင့် အသင်းဝင်ပေါင်း ၁၃၅၂၆၂ ဦး စည်းရုံးဖြစ်တည်နေပြီးဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၉၄ ဒသမ ၂၅ ရာခိုင်နှုန်း စည်းရုံးဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရ၍ အားရကျေနပ်မိကြောင်း၊ ယခုထက် ပိုမိုအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

**တစ်တပ်တစ်အားပါဝင်**

အသင်းကြီးအင်အားကို အရေအတွက်ရော အရည်အချင်းပါ ပိုမိုတိုးတက်ပြည့်ဝလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် လက်တွေ့နှင့်သဘောတရားပေါင်းစပ်ပြီး ပုဂ္ဂိုလ်ရင်းနှီးခင်မင်မှုဖြင့် စည်းရုံးဆောင်ရွက်ကြရန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်များ၊ ကျင့်ဝတ်များ၊ အခြေခံမူများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြဆွေးနွေး၊ စည်းရုံးဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ အသင်းဝင် လူငယ်မောင်မယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် အရည်အသွေးများကို ပိုမို တိုးတက်ဖွံ့ဖြိုးအောင် အစဉ်လေ့ကျင့်ဆည်းပူးသွားရန်လိုကြောင်း၊ ထို့အပြင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့် နိုင်ငံတော်၏ဖွံ့ဖြိုး တိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော် လုံခြုံရေးအတွက် ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများ၏ အန္တရာယ်ကို ပြည်သူများနှင့်အတူ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စည်းရုံးရေး၊ တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

**ဂုဏ်ပြုဆုချီးမြှင့်**

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ငါးဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် လေးဘာသာဂုဏ်ထူးရှင်ခုနစ်ဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်သည်။

လုံးကျွတ်အစည်းအဝေး အမှတ်တရလက်ဆောင်ပစ္စည်းများကို မြို့နယ်အသင်းအတွင်းရေးမှူး ဦးဉာဏ်ဝင်းက ပေးအပ်သည်။

ယင်းနောက် အလှူရှင်များက မြို့နယ်အသင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အစည်းအဝေးကို ခေတ္တရပ်နားသည်။





**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**အကောင်းဆုံးဆု**

ဆက်လက်၍ စည်းရုံးရေးရာ အကောင်းဆုံးဆုရရှိသော အမှတ်(၁၂)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအားလည်းကောင်း၊ စီမံရေးရာ အကောင်းဆုံးဆုရရှိသော အမှတ်(၆)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအားလည်းကောင်း၊ တာဝန်အကျေပွန်ဆုံးဆုရရှိသော အမှတ်(၈)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအားလည်းကောင်း၊ ပြည်သူ့ဆက်ဆံရေးဆုရရှိသည့် အမှတ်(၁၈)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အသင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကူညီပံ့ပိုးငွေကျပ်၃၅၀၀၀၀ကိုတာဝန်ရှိသူများထံ ပေးအပ်သည်။

**အမှတ်တရလက်ဆောင်ပေး**

ထို့နောက် ရပ်ကွက်၊ ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများအား နှစ်ပတ်လည် သင်း



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွက် ပံ့ပိုးငွေကျပ် ၃၅၀၀၀၀ကို ပေးအပ်စဉ်။** (သတင်းစဉ်)

ထို့နောက် မွန်းလွဲပိုင်းတွင်အစည်းအဝေး ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့က ရေးရာအလိုက်အစီရင်ခံစာများအား ဖတ်ကြားတင်သွင်းခြင်း၊ အစီရင်ခံစာများအပေါ် အကြံပြုဆွေးနွေးတင်ပြခြင်း၊ ဒို့တာဝန်အရေး(၃)ပါးကို အသက်ပေးကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ပြည်တွင်းပြည်ပအဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအားဖြင့် ကာကွယ်စောင့်ရှောက်ရေး စာတမ်းများ ဖတ်ကြားတင်သွင်းခြင်း၊ အကြံပြုဆွေးနွေးချက်များအပေါ် ရေးရာအလိုက်ပြန်လည်ရှင်းလင်းဖြေကြားခြင်းများ ဆောင်ရွက်ပြီး အစည်းအဝေး ဆုံးဖြတ်ချက်များကို ချမှတ်ကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် စစ်ကိုင်းမြို့ ဦးအောင်ကို-ဒေါ်စန်းရီ(လပ်ကီးစတိုး)မိသားစုနှင့် နေပြည်တော်၊ ဦးရဲမင်း၊ ဦးအောင်ဇေယျ(လပ်ကီးဘရားသားအုပ်စုဆောက်လုပ်ရေး)မိသားစုက အလှူငွေကျပ်သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်၂၈ ၈၉လမ်း (ဦးဂျီချင်နယား)အားရည်စူး၍ ကျန်ရစ်သူဇနီးဒေါ်လက်ချမ်းနှင့် သားသမီးမြေးတစ်စုက အလှူငွေကျပ်တစ်သိန်းတစ်ထောင်ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ ဗုဒ္ဓဂယာကျောင်းအကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၆)ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၁၀**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၆)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ "ပုဆိန်ကိုသွေးရဲ့လား"အယ်ဒီတာ့ဒိုင်ယာရီနှင့် အခန်းဆက် ကိုရီးယားခရီးသွားဆောင်းပါး "အနာဂတ်သို့ အလည်ခရီး"၊ခရီးသည်တင်ကားများ အားလုံးတွင် အမြန်နှုန်းသတိပေးကိရိယာ တပ်ဆင်ရန်စီစဉ်နေ၊ ခြောက်လမ်းသွားတံတားအဖြစ် ပဲခူးမြို့တွင်း မြစ်ကူးတံတားကို အဆင့်မြှင့်တိုးချဲ့တည်ဆောက်၊ ပုံစံ(၁၉)ချက်ချင်း တင်ပြစရာမလိုဘဲ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားနိုင်၊ MRTV-4 International နိုင်ငံတကာရုပ်သံလိုင်းသစ် ၁၂လိုင်း စမ်းသပ်ထုတ်လွှင့်ပြီ၊ ပညာရေးအထူးကဏ္ဍ သတင်းဆောင်းပါး အင်တာဗျူးများစသည့် မျက်မှောက်ရေးရာ ပြည်တွင်း သတင်းစုံလင်စွာဖြင့် ယနေ့ထွက်ရှိလာသည်။

"အက်စတွန်ဗီလာ ဘယ်ကိုလဲဗျာ" အားကစားဆောင်းပါးနှင့်အတူ ယောက်ျားမှမိန်းမသို့ လိင်ပြောင်းလဲခဲ့သည့် မိန်းကလေး လှရုံမျှမက ဉာဏ်ပညာလည်း ကြွယ်ဝ၊ ဂျင်ဆန်းမီတရုတ်ပြည်မှ အမိမြေသို့ ပြန်လည်ရောက်ရှိ၊ ပထမဆုံးအမျိုးသမီးအာကာသသည့် သည်ခရီးအတွက် ပြင်ဆင်နေ၊ အဝလွန်ရောဂါကပ်ကမ္ဘာ၌တစ်သားတည်းဖြစ်ပြီ စသည့် နိုင်ငံတကာသတင်းများ၊ စီးပွားရေး၊ ကျန်းမာရေး၊ သုံးသပ်ချက်ဆောင်းပါးများနှင့် ဖျော်ဖြေရေးကဏ္ဍ ဝေဝေဆာဆာဖြင့် e-Empire Media Houseမှ မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**



## အလှူငွေများ လက်ခံ

**မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အောင်ပွဲရ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် အလှူရှင်များ လှူဒါန်းသော အလှူငွေများကို လက်ခံစဉ်။**

(သတင်းစဉ်)

## လက်တွဲဝန်းရံ အမျိုးသားညီလာခံ

အမျိုးသားရေး၊
နိုးကြားပေး၍၊
ကြိုးစားရေးနေသည့် ညီလာခံ။

ပြည်ထောင်သစ်ရဲ့၊
ညီနောင်ရှစ်ဖွဲ့၊
ရည်ဆောင်ဖြစ်မည့် ညီလာခံ။

တိုင်းရင်းသားတို့၊
ရိုင်းပင်းထားဖို့၊
ဝိုင်းစဉ်းစားစို့ ညီလာခံ။

မြန်မာ့ရေမြေ၊
အခြေအနေမှန်ကို၊
အခြေခံတွေးသည့် ညီလာခံ။

ဦးတည်ချက်(၆)ရပ်၊
မူဘောင်မှတ်၍၊
ထူထောင်ရပ်မည့် ညီလာခံ။

ရှေ့လမ်းစဉ်(၇)ရပ်၊
မူချမှတ်လျက်၊
တည့်မတ်မှန်ကန် ညီလာခံ။

သမိုင်းကပေး၊
မွေးရာပါတာဝန်၊
ကျေပွန်ရန်အတွက်၊
လက်တွဲဝန်းရံ အမျိုးသားညီလာခံ။ ။

**တက္ကသိုလ်တင်ခ**

**စာမျက်နှာ ၃ မှ**



ဤကဲ့သို့ တစ်မျိုးသားလုံးက တစ်ခဲနက် အားပေးချီးမြှောက်ခဲ့ကြခြင်းကြောင့်လည်း တစ်ချိန်သောအခါက အာရှဘောလုံးလောက၌ သရဖူဆောင်းနိုင်ခဲ့သော်လည်း အကြောင်းကြောင်းများကြောင့် နှစ်ပေါင်း ၃၀ခန့် အောင်နိုင်မှု ဆုဖလားနှင့် ဝေးကွာနေခဲ့ရသည့် မြန်မာ့အမျိုးသား လက်ရွေးစင်ဘောလုံး အသင်းသည် အောင်မြင်မှုများ တစ်စတစ်စပြန်လည်ရယူနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအနေဖြင့် ၂၀၀၂ ခုနှစ်တွင် အသက် ၁၇ နှစ်အောက် အာဆီယံလူငယ်ဘောလုံးချန်ပီယံဆု၊ ၂၀၀၃ခုနှစ်တွင် အသက်၁၈နှစ်အောက် အာဆီယံလူငယ်ဘောလုံးချန်ပီယံဆုနှင့် ၂၀၀၄ ခုနှစ်တွင် အသက် ၁၈နှစ်အောက် ဘင်းမ်စတက်နိုင်ငံများ လူငယ်ဘောလုံးချန်ပီယံဆုများကို အဆင့်ဆင့် တက်လှမ်း ရယူနိုင်ခဲ့ကြောင်း။

၂၀၀၅ခုနှစ်တွင် သက်တန်းအလိုက် ဘောလုံးပြိုင်ပွဲများ၌ အသက် ၂၀ အောက် အာဆီယံချန်ပီယံဆုကို ဆွတ်ခူးရရှိပြီး အသက် ၁၇ နှစ်အောက် အာဆီယံလူငယ်ဘောလုံးအသင်းသည် ချန်ပီယံအဖြစ် ဒုတိယအကြိမ်ရယူဆွတ်ခူးနိုင်ခဲ့ကြောင်း၊ ယခု ၂၀၀၆ ခုနှစ်၌ မြန်မာ့အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းကြီးမှာ နှစ်ပေါင်း ၃၅နှစ်အကြာက မာဒေးကားဖလား ချန်ပီယံဆုကြီးကို ထိုက်ထိုက်တန်တန် လေးကြိမ်မြောက် ပြန်လည်ဆွတ်ခူးပေးနိုင်ခြင်းသည် မြန်မာ့ဘောလုံးအောင်မြင်မှု သမိုင်းစာမျက်နှာကို ပြန်လည်ဖြည့်စွက်ပေးနိုင်လိုက်ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း။

### များစွာနှစ်ထောင်းအားရ

ထို့ကြောင့် ယခုကဲ့သို့ မော်ကွန်းထိုးလောက်သည့် အောင်မြင်မှုကြီးကို စွမ်းဆောင်ပေးခဲ့ကြသော မြန်မာ့အမျိုးသား လက်ရွေးစင်ဘောလုံးအသင်းကို နိုင်ငံတော်ကိုယ်စားသော်လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ ကိုယ်စားသော်လည်းကောင်း၊ မြန်မာ့ဘောလုံးပရိသတ်ကြီး ကိုယ်စားသော်လည်းကောင်း များစွာ နှစ်ထောင်းအားရ ချီးကျူးဂုဏ်ပြုပါကြောင်း။

အာရှနိုင်ငံများ၏ နိုင်ငံအလိုက် ဖိတ်ခေါ်ပြိုင်ပွဲများတွင် သက်တမ်းအရင့်ဆုံးဖြစ်သည့် မာဒေးကားဘောလုံးပြိုင်ပွဲကြီးကို ၁၉၅၇ခုနှစ်၌ စတင်ကျင်းပခဲ့ချိန်ကစပြီး မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှာ (၁၈)ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ၌ ယခုနှစ်အပါအဝင် လေးကြိမ်ဗိုလ်စွဲခဲ့ပြီး ကျန်ပြိုင်ပွဲများအနေဖြင့် ဒုတိယ သုံးကြိမ်၊ တတိယ လေးကြိမ်နှင့် စုစုပေါင်းဆုတံဆိပ် (၁၁)ကြိမ် ရယူပေးနိုင်ခဲ့ခြင်းကို တွေ့ရကြောင်း၊ ယခုနှစ်ပြိုင်ပွဲကိုကြည့်ပါက မြန်မာ့အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းကြီးမှာ ပြိုင်ပွဲတစ်လျှောက်လုံးတွင် ထိပ်သီးပြိုင်ဘက်အသင်းများကို ခက်ခက်ခဲခဲရင်ဆိုင်ယှဉ်ပြိုင်ပြီး ပွဲစဉ်အားလုံး၌ အရှုံးမရှိလျက် ထိုက်ထိုက်တန်တန် အနိုင်ရယူဗိုလ်စွဲခဲ့ခြင်းကြောင့် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာပင် ဖြစ်ကြောင်း။

### တစ်ခဲနက်ဂုဏ်ပြုကြိုဆို

ယခုကဲ့သို့ **မြန်မာ့ဘောလုံးအားကစား အောင်မြင်မှုရရှိရေးကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ရှိကြသော ရဟန်းရှင်လူမိဘပြည်သူအပေါင်းတို့နှင့် ကလေးသူငယ်များပါမကျန် ထက်ထက်သန်သန် လိုလားတောင့်တလျက်ရှိနေသည်ဆိုခြင်းကို မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ အိမ်အပြန်ခရီးတစ်လျှောက်တွင် ဝါသနာရှင်ပြည်သူလူထုကြီးအနေဖြင့် မိုးစက်မိုးပေါက်များကို အန်တုပြီး သောင်းသောင်းဖြဖြဖြင့် နွေးထွေးစွာ တစ်ခဲနက်အားပေးဂုဏ်ပြု ကြိုဆိုခဲ့ကြသည့်မြင်ကွင်းက ထင်ထင်ရှားရှား ဖော်ပြလျက်ရှိကြောင်း။**

**ထို့ကြောင့် အားကစားသမားများအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး၏ မကြုံစဖူးထူးထူးကဲကဲ အားပေးချီးမြှောက်မှုအပေါ် ကျေးဇူးတုံ့ပြန်သည့်သဘောဖြင့် မိမိတို့၏ ခွဲ၊ လုံ့လ၊ ဝီရိယ အားထုတ်ကြိုးပမ်းလေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ် မြင့်မားခိုင်မာမှုနှင့် စည်းလုံးညီညွတ်မှုတို့ပေါင်းစပ်ပြီး နိုင်ငံတကာ ပြိုင်ပွဲများတွင် ဆက်လက်၍ ယခုကဲ့သို့ နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ရေးအတွက် အလေးအနက်ထား ကြိုးပမ်းသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။**

### အမှန်အတိုင်းရှုမြင်

ကမ္ဘာ့ဘောလုံးပြိုင်ပွဲအဆင့်များနှင့် ယှဉ်လိုက်လျှင် မိမိတို့ မြန်မာ့ဘောလုံးအဆင့်အတန်းမှာ များစွာကြိုးစားရန် လိုနေသေးသည်ကို အမှန်အတိုင်းရှုမြင်နိုင်ရန်လိုကြောင်း။

ထို့ကြောင့် ယခုအောင်မြင်မှု ရလဒ်အချို့ကို ရရှိရုံမျှဖြင့် အားရကျေနပ်တင်းတိမ်မနေဘဲ ရည်မှန်းချက် မြင့်မြင့်မားမားထားပြီး အာဆီယံ အဆင့်မှသည် အာရှအဆင့်၊ အာရှအဆင့်မှသည် ကမ္ဘာ့အဆင့်သို့ ထိုးဖောက်နိုင်အောင် ခွဲ၊ လုံ့လ၊ ဝီရိယ ကြီးမားစွာဖြင့် မရပ်မနား ဆက်လက်ကြိုးစားအားထုတ်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အောင်ပွဲရ မြန်မာ့အမျိုးသား ဘောလုံးအားကစားသမားများအနေနှင့်–

- **နိုင်ငံတော်နှင့် ပြည်သူအများ တစ်ခဲနက် အားပေးချီးမြှောက်နေသည့် အခြေအနေ၊ အချိန်အခါကောင်းမှာ ရရှိပြီးဖြစ်သည့် အောင်မြင်မှုများကို အနာဂတ်သို့တိုင် ထိန်းသိမ်းသယ်ဆောင်သွားနိုင်စေရေးအတွက် မလျှော့သော ခွဲ၊ လုံ့လ၊ အားမာန်စိတ်ဓာတ်တို့ဖြင့် ဆက်လက်အားထုတ် ကြိုးပမ်းသွားကြပါ။**
- **၂၀၀၇ ခုနှစ် အာဆီယံဘောလုံးပြိုင်ပွဲများ၊ ၂၀၀၈ ခုနှစ်အကြိုကမ္ဘာ့အိုလံပစ်ခြေစစ်ဘောလုံးပြိုင်ပွဲများ၊ အာရှအဆင့် အသက်အလိုက် ဘောလုံးပြိုင်ပွဲ ပွဲစဉ်များတွင်လည်း ပြိုင်ဘက်အသင်းများကို ထိုက်ထိုက်တန်တန် ပြတ်ပြတ်သားသား အနိုင်ရရှိပြီး ခြေစစ်ပွဲအောင်မြင်ရေးနှင့် အရှေ့တောင်အာရှ ချန်ပီယံအဖြစ် ဆက်လက်အောင်ပွဲခံနိုင်ရေးတို့အတွက် စနစ်ကျသည့် လေ့ကျင့်ရေးစီမံချက်များရေးဆွဲပြီး မရပ်မနား ဆက်လက် ကြိုးပမ်းသွားကြပါ**

ဟုအလေးအနက် တိုက်တွန်းမှာကြားကြောင်းဖြင့် ပြောကြားသွားသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် အောင်ပွဲရ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအဖွဲ့ခေါင်းဆောင် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ပြိုင်ပွဲ အတွေ့အကြုံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ဂုဏ်ပြုဆုငွေလှူဒါန်း

ထို့နောက်အောင်ပွဲရ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် ဂုဏ်ပြုဆုငွေများအဖြစ် အလှူရှင်များဖြစ်ကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ် သိန်းနှစ်ဆယ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့တို့က ငွေကျပ် ဆယ်သိန်းစီ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ငွေကျပ် သိန်းငါးဆယ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့က ငွေကျပ် ဆယ်သိန်းစီ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co.,Ltd.)နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးတေဇ (ထူးထရေးဒင်း ကုမ္ပဏီလီမိတက်)တို့က ငွေကျပ်သိန်းသုံးရာစီ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း (ကမ္ဘောဇဘဏ်ကုမ္ပဏီလီမိတက်)က ငွေကျပ်သိန်းနှစ်ရာ၊ ဦးကျော်စိန် (Jewellery Luck Co.,Ltd.နှင့် အိုလံပစ်ဟိုတယ်)က ငွေကျပ် ငါးဆယ့်ငါးသိန်း၊ ဦးအောင်မော်သိန်း(Myanmar Distribution Group)က ငွေကျပ်သိန်းငါးဆယ်၊ ဦးအောင်ဒင်(Myanmar CP Group)နှင့် ဦးရန်ဟိုး(Asia Metal Co., Ltd.)တို့က ငွေကျပ် သိန်းသုံးဆယ်စီ၊ ဦးနေဝင်းဆွေ(NWS Co., Ltd.)က အမေရိကန်ဒေါ်လာ နှစ်ထောင်၊ ဦးကျော်လွင်လှ (အငြိမ်းစား UNDP ဌာနေကိုယ်စားလှယ်)က အမေရိကန်ဒေါ်လာ တစ်ထောင်၊ ဦးဝေစိုး(ဖြူစင်ကုမ္ပဏီလီမိတက်)နှင့် ဦးကျော်လင်း (ကျော်ဘရားသားကုမ္ပဏီ)တို့က ငွေကျပ် သိန်းနှစ်ဆယ်စီ၊ ဒေါက်တာသိန်းမြင့် (Eleven Media Group)က ငွေကျပ်သိန်းသုံးဆယ်၊ ဦးကျော်ဝင်း (ရွှေသံလွင်ကုမ္ပဏီ)၊ ဦးကျော်မျိုးထွန်း (Super Coffee Mix)နှင့် ဦးမြတ်သင်းအောင်–ဒေါ်ခင်မြင့်မြင့် (အောင်အောင်အင်တာပရိုက်)တို့က ငွေကျပ် ဆယ်သိန်းစီ၊ ဦးထွန်းမြင့်– ဒေါ်အေးအေးညွန့်(KSS)က ငွေကျပ် ငါးသိန်းနှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဘောလုံးနာယက အဂ္ဂမဟာ သီရိသုမ္မေသိင်္ဂီဒေါ်အေးအေးကြည်တို့က ငွေကျပ် သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးတေဇတို့က လက်ခံကြသည်။



**အောင်ပွဲရ မြန်မာ့ လက်ရွေးစင် ဘောလုံးအသင်း အသင်းခေါင်း ဆောင် စိုးမြတ်မင်း က ကျေး ဇူး တင်စကား ပြောကြားစဉ်။**

(သတင်းစဉ်)

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံရရှိသော ဂုဏ်ပြုဆုငွေများကို မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အသင်းခေါင်းဆောင် စိုးမြတ်မင်းနှင့် ဂိုး–အောင်အောင်ဦးတို့ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အောင်ပွဲရ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း အသင်းခေါင်းဆောင် စိုးမြတ်မင်းက ကျေးဇူးတင်စကားပြောကြားသည်။

### ဂုဏ်ပြုညစာသုံးဆောင်

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် အောင်ပွဲရ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ဘောလုံးသမားများနှင့်အတူ ဂုဏ်ပြုညစာ သုံးဆောင်ကြသည်။

(၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ ဗိုလ်စွဲခဲ့သော အောင်ပွဲရ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် အလှူရှင်များ၏ ဂုဏ်ပြုဆုငွေ စုစုပေါင်းမှာ ငွေကျပ် တစ်ထောင့်နှစ်ရာရှစ်ဆယ့်ရှစ်သိန်းနှင့် အမေရိကန်ဒေါ်လာ သုံးထောင်ဖြစ်သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၏ တိုင်းပြုပြည်ပြု သမိုင်းမှတ်တိုင်များ (၃)

နိုင်ငံတော်က လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် လိုအပ်သော ဆည်မြောင်း တာတမံများကို ထူထောင်ပေးသကဲ့သို့ ထွန်စက်၊ လက်တွန်းထွန်စက်၊ ရေစုပ်စက်၊ ရိတ်သိမ်းစက် စသည့် လယ်ယာသုံး စက်ကိရိယာများကို တိုးတက်ထုတ်လုပ်နိုင်အောင်လည်း ဘက်စုံစီမံ ဆောင်ရွက်ပေးခဲ့သည်။ မျိုးကောင်းမျိုးသန့် ပြောင်းလဲရေးနှင့် ခေတ်မီ စိုက်ပျိုးနည်းပညာ ပြန့်ပွားရေးကိုလည်း တွန်းအားပေးရသည်။ ရှိပြီး စိုက်ပျိုးမြေကို အပြည့်အဝ အသုံးချရုံသာမက မြေလွတ် မြေရိုင်းများ တိုးချဲ့ဖော်ထုတ်နိုင်အောင်လည်း အရင်းအနှီးနှင့် အတတ်ပညာရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား စီးပွားရေး အင်အားစု အသစ်များအဖြစ် ဖိတ်ခေါ်၍ လယ်ယာမြေသစ်များကို ဖော်ထုတ်လုပ်ကိုင်ခွင့်များ ပြုခဲ့၍လည်း ဧက သိန်းနှင့်ချီ၍ ဖြစ်ထွန်းနေပြီဖြစ်သည်။

အကျိုးဆက်အဖြစ် စပါးစိုက်ဧက၊ ပဲမျိုးစုံ စိုက်ဧက၊ ဆီအုန်းစိုက်ဧကနှင့် အခြားသီးနှံ အမယ်သစ် စိုက်ဧကများ တိုးတက်လာရာ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုမှာ သိသာစွာ မြင့်မားလာလျက်ရှိသည်။ လယ်ယာကဏ္ဍကို အခြေပြုသည့် မြစိမ်းရောင် အသွင်ကူးပြောင်းရေးသည် နိုင်ငံ့ခေါင်းဆောင်၏ လမ်းညွှန်အားပေးမှုများဖြင့် ကျယ်ကျယ်ပြန့်ပြန့် အရှိန်ရလာလျက်ရှိသည်။

**"ရေမြေသဘာဝနှင့် ရာသီဥတုသည် အပြန်အလှန်အထောက်အကူပြုနေကြောင်း၊ ရေ၊ မြေ၊ သဘာဝပျက်စီးပါက ရာသီဥတုဖောက်ပြန်မှာဖြစ်သကဲ့သို့ ရာသီဥတုဖောက်ပြန်ပါကလည်း ရေ၊ မြေ၊ သဘာဝပျက်စီးမှာဖြစ်ကြောင်း၊ ရေ၊ မြေ၊ သဘာဝကောင်းလျှင် သားစဉ်မြေးဆက်ကောင်းစားမှာဖြစ်ရာ မိမိတို့၏ရေ၊မြေ၊ သဘာဝကို စောင့်ရှောက်ထိန်းသိမ်းကြရန်လိုကြောင်း"**

အလင်းစကားဖြင့် ဖြည့်စွက်ညွှန်ပြလျက်ရှိသည်။

အထူးသဖြင့် မိုးနည်းရေရှား အပူပိုင်းအညာဒေသ၌ မြစိမ်းရောင်လွှမ်းခြုံရန်လိုအပ်သည်။ "နွေမှာပူလောင်၊ မိုးမှာခေါင်၍၊ ဆောင်းမှာ စောင်မလောက်"ဟု တင်စားရသော အညာဒေသ၏ သဘာဝပတ်ဝန်းကျင် ပျက်စီးလာမှုကို စိမ်းလန်းစိုပြည်လာအောင်၊ ဥတုရာသီမျှတလာအောင် ဝိုင်းဝန်းထိန်းသိမ်းပြုစုပျိုးထောင်သွားကြရမှာဖြစ်သည်။

အပူပိုင်းအညာဒေသဟုဆိုလျှင် ယေဘုယျအားဖြင့် မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့ အကျုံးဝင်သည်ဟု အသိအမှတ်ပြုပြီးဖြစ်သည်။ တိုင်းသုံးတိုင်း၏ လူဦးရေသည် စုစုပေါင်း ၁၈ဒသမ ၉သန်းခန့်ရှိရာ တစ်နိုင်ငံလုံးရှိ လူဦးရေ၏ ၃၄ရာခိုင်နှုန်းကျော်ဖြစ်သည်။

သန်းပေါင်းများစွာသော နိုင်ငံသားများ ရေရှည်ကောင်းစားရေးနှင့် အညာမြေ၏ ရေ၊ မြေ၊ သဘာဝ တည်တံ့ရေးအတွက် တပ်မတော်အစိုးရသည် ၁၉၉၃ခုနှစ်မှစ၍ သစ်တောထိန်းသိမ်းရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး၊ ရေရရှိရေးစသည့် သဘာဝပတ်ဝန်းကျင် မြစိမ်းရောင်အသွင်ကူးပြောင်းရေးကို စတင်ဆင်နွှဲခဲ့သည်။ ခေတ်စနစ်ပြောင်းလဲသည့် လူမှုရေး၊ စီးပွားရေး အသွင်ကူးပြောင်းမှုနှင့်အတူ သဘာဝပတ်ဝန်းကျင် အသွင်ကူးပြောင်းရေးကိုပါ ပေါင်းစည်းဆောင်ရွက်ခြင်းဖြစ်သည်။

ဤသို့ဖြင့် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစဉ်အဖြစ် လက်တွေ့ကျစွာ စတင်ရုပ်လုံးပေါ်လာသည်။ မိမိတို့၏ သားစဉ်မြေးဆက် ရှင်သန်ရပ်တည်ရေး၊ အညာမြေကောင်းစားရေးအတွက် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်ကို ဒေသခံပြည်သူများက ဝိုင်းဝန်းအကောင်အထည်ဖော်ကြသည်။ ဗဟိုအဆင့် တာဝန်ခံများနှင့် ဒေသတာဝန်ခံများကလည်း ပြည်သူများကို တပ်လှန့်နှိုးဆော်၍ တက်ညီလက်ညီ လှုပ်ရှားကြခြင်းကြောင့် အညာဒေသတစ်ခွင်၌ လူထုလှုပ်ရှားမှုအသွင် ဆောင်လာသည်။ သစ်ပင်ကို တန်ဖိုးထားလာသည်။ မြတ်နိုးလာကြသည်။ သစ်တော၊ သစ်ပင်ထိန်းသိမ်း စိုက်ပျိုးမှုသည် အရှိန်အဟုန်ရလာပြီး ကိုးခရိုင်အဆင့်မှ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစဉ်အဆင့်သို့ ထိရောက်ကျယ်ပြန့်စွာ ကူးပြောင်းသွားသည်။

## ဦးခေ်ာ

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် သဘာဝတရား၏ အခြေအနေမှန် ဟာကွက်ကိုသုံးသပ်ပြီး ဤစိမ်းလန်းစိုပြည်ရေးစီမံကိန်းဖြစ်ပေါ်လာအောင် စီမံခင်းကျင်းပေးရုံသာမက ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ ပြုစုပျိုးထောင်ပေးခဲ့သည်မှာ အမှန်ဖြစ်သည်။ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုလည်း အတိအကျ ချမှတ်ပေးသည်။ ဤသို့ဖြင့်–

**(၁) စိမ်းလန်းစိုပြည်ရေးအတွက် ရေရရှိအောင် ဆောင်ရွက်ရေး၊**
**(၂) သစ်တောသစ်ပင်ထိန်းသိမ်းကာကွယ်ရေးနှင့် တိုးချဲ့စိုက်ပျိုးရေး၊**
**(၃) ကျေးရွာသုံးထင်းစိုက်ခင်းများ ထူထောင်ရေး၊**
**(၄) ထင်းအစား အခြားလောင်စာအသုံးပြုရေး။**

တို့သည် ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစဉ်(၄)ရပ်အဖြစ် အခိုင်အမာ အမြစ်တွယ်လာပြီး ရှင်သန်အားကောင်းလာသည်။

စိုက်ပျိုးရေရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် နိုင်ငံတော်က ရွှေနှင့်ငွေဖြင့်ဆက်ပြီး ရေရရှိအောင် အလေးထားဆောင်ရွက်ပေးသည်နှင့် အမျှ ဆည်တမံလုပ်ငန်းများ၊ မြစ်ရေတင်စီမံကိန်းများ အလျှိုလျှိုပေါ်ထွက်လာသည်။ ထို့ပြင်ရပ်ရွာက တည်ဆောက်ထားသည့် ဆည်ငယ်၊ ကန်ငယ်များ ထောင်ချီတိုးပွားလျက်ရှိသကဲ့သို့ သစ်တောရေးရာဝန်ကြီးဌာနက ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ပေးထားသည့် ကန်ငယ်များ၊ နန်းတားဆည်များကလည်း ရှိသေးသည်။

နိုင်ငံတော်အကြီးအကဲသည် နိုင်ငံတော်အပိုင်းက ဆောင်ရွက်ပေးရမည့် ကိစ္စများကို တာဝန်ကျေပွန်စွာ လုပ်ကိုင်ဆောင်ရွက်ပေးသကဲ့သို့ ပြည်သူများအပိုင်းက လိုက်နာထမ်းဆောင်ရမည့် တာဝန်များကိုလည်း လိုက်နာထမ်းဆောင်စေရန် အမြဲနှိုးဆော်သည်။ နိုင်ငံတော်နှင့် ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်သစ်ကို ရုပ်လုံးဖော်နေခြင်းလည်းဖြစ်သည်။ ရှားပါးပြီး သက်တမ်းရှည်ကြာပြီဖြစ်သည့် သစ်ပင်ကြီးများကို အမြတ်တနိုး စောင့်ရှောက်စေလိုသည်။ ဖြစ်ထွန်းနိုင်သော အရိပ်ရပင်ကိုရော၊ အရိပ်လည်းရ၊ ဝင်ငွေလည်း တိုးပွားနိုင်သည့် အပင်များကိုပါ ကြိုးကြိုးစားစားစိုက်ပျိုးရန် တွန်းအားပေးသည်။ ရေဝေရေလဲဒေသများနှင့် တောင်ကတုံးများ၌ သစ်ပင်များကို တာဝန်ကျေပွန်စွာ စိုက်မထားပါက အားမလိုအားမရ ဖြစ်လေ့ရှိသည်။ စိမ်းလန်းစိုပြည်နေပါက ဝမ်းသာပီတိဖြစ်သည်။ စိမ်းလန်းစိုပြည်ရေး၊ ရေဓာတ်ရရှိရေးအတွက် စေတနာထားရှိပုံကို ပြန်လည်မြင်ယောင်မိသည်။ မြင်းခြံခရိုင် တောင်သာမြို့နယ် တောင်သာချောင်းပေါ်၌ ဆည်တည်ရန် စီစဉ်ခဲ့စဉ်က ဖြစ်သည်။ တာဝန်ရှိသူများက ဆည်တည်ပြီး ရေလှောင်ပါက ဆပ်ပြာရေပေါက်ခြေရှိကြောင်း တင်ပြကြရာ နိုင်ငံတော်အကြီးအကဲက



**ကျေးလက်နေ ပြည်သူများ သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနက မကွေးတိုင်း ချောက်မြို့နယ် ပြည့်ပင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်၍ ဤသို့ ဖြည့်ဆည်းပေးခဲ့သည်။**
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

ဆပ်ပြာရေပေါက်ပြီး စိုက်ပျိုးရေအဖြစ် အသုံးပြုရန် မသင့်တော်လျှင်လည်း ဒေသပတ်ဝန်းကျင်၌ အနိမ့်ဆုံးရေဓာတ်၊ အအေးဓာတ်ရပြီး စိမ်းလန်းစိုပြည်လာနိုင်သဖြင့် ဆည်ကိုတည်ဆောက်သွားရန် စေတနာအပြည့်ဖြင့် အဆုံးအဖြတ်ပေးခဲ့ဖူးသည်။

ဤသို့ထားရှိသည့် စေတနာများကြောင့် အညာဒေသ၌ရနိုင်သမျှ ရေအရင်းအမြစ်များကို ရှာဖွေ စုဆောင်းသိုလှောင်သည့် ဆည်တမံအကြီး၊ အလတ်၊ အသေးအရွယ်မျိုးစုံ ထွက်ပေါ်လာခြင်းဖြစ်သည်။ ပခုက္ကူခရိုင်၌ဆိုလျှင် ရေအရင်းအမြစ်အားလုံး အလဟဿ မဖြစ်ရအောင် ဆည်တွေ တည်ဆောက်ပြီးပြီဖြစ်၍ ဆည်ငယ်၊ ကန်ငယ်များကို ပိုက်စိပ်တိုက် ဟာကွက်မကျန်အောင် ဆောင်ရွက်ပေးနေသည်မှာ အထင်အရှားဖြစ်သည်။

သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဌာနတို့ကလည်း အပူပိုင်းသဘာဝတောကျန်များကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရုံသာမက သစ်တောစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းများ နှစ်စဉ်ဧက ထောင်ချီသောင်းချီ၍ စိုက်ပျိုးထူထောင်ပေးလျက်ရှိသည်။

ပုပ္ပားတောင်တွင် သစ်တောများ ပြန်၍အားကောင်းလာလျက်ရှိသည်မှာ မျက်မြင်ဖြစ်သည်။ မန္တလေးတောင်၊ စစ်ကိုင်းတောင်တို့သည်လည်း သစ်ပင်များဖြင့် စိမ်းလန်းစိုပြည်လာသည်။ တောင်ကတုံးများ ဖြစ်နေခဲ့သည်မှာ ကြာပြီဖြစ်သည့် တန့်ကြည့်တောင်၊ တုရင်တောင်၊ မင်းစုံတောင်၊ ရှင်မတောင်၊ ရွှေသာလျောင်းတောင်၊ တောင်သာတောင်၊ ကုက္ကဲတောင်စသည့် တောင်စဉ် တောင်တန်းများ စိမ်းလန်းစိုပြည်ရေးကိုပါ ခက်ခက်ခဲခဲ ကြိုးကြိုးစားစား အကောင်အထည်ဖော်လျက်ရှိရာ ခြောက်သွေ့နေသော တောင်ကတုံးများ တစ်လျှောက် မြစိမ်းရောင် လွှမ်းခြုံလျက်ရှိနေပြီဖြစ်သည်။

ခြုံလိုက်လျှင် နိုင်ငံတော်အကြီးအကဲ၏ စေတနာပါသော မြော်မြင်နိုင်မှု၊ လက်တွေ့ပေါ်ထွန်းဖြစ်မြောက်အောင် တွန်းအားပေးမှုတို့ကြောင့် ကိုးခရိုင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစီမံကိန်း လှုပ်ရှားသက်ဝင်လာခဲ့သည်မှာ (၁၂)နှစ်ကျော်ခဲ့ပြီဖြစ်ရာ အပူပိုင်းအညာဒေသ၏ရေ၊ မြေပြောင်းလဲလာပြီး မြစိမ်းရောင်မြင်ကွင်းသစ် စတင်လွှမ်းခြုံလာနေပြီဖြစ်သည်။ ထိုမှတစ်ဆင့် ရေ၊မြေ၊ရာသီဥတု အပြန်အလှန် အထောက်အကူပြုမှု မှန်ကန်မျှတလာပြီး အညာတောင်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်သည်။ အဆုံးစွန်၌ ပူပြင်းခြောက်သွေ့မှုဒဏ်သည်လည်း လျော့နည်း ကျဆင်းသွားမည်မှာ ဧကန်မုချပင်ဖြစ်သည်။

ဤမွန်မြတ်သော စေတနာနှင့်ယှဉ်သည့် မျှော်မှန်းအားထုတ်ကြိုးပမ်းလုပ်ဆောင်မှု အစုစုကြောင့် အညာဒေသ၏ မြစိမ်းရောင် အသွင်ကူးပြောင်းရေးသည် နောင်လာနောက်သား အဆက်ဆက်အထိ ကျယ်ပြန့်ထိရောက်စွာ အကျိုးသက်ရောက်မှာ ဧကန်ဖြစ်သည်ဟု မှတ်တမ်းပြုလိုက်ပါသည်။ ။



**မန္တလေးတိုင်း ပခုက္ကူမြို့နယ်တွင် စိုက်ပျိုးမြေဧက ၈၇၀၀ အတွက် အကျိုးပြုလျက်ရှိသည့် ငါ့သရောက်မြစ်ရေတင်စက်ရုံကို ဤသို့တွေ့ရသည်။**
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

11-9 (09) 1 9/11/06, 1:06 AM



လယ်ဝေးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် နှစ်တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ဗိုလ်မှူးကြီးမြင့်ထွန်း (ရေ)၊ ဗိုလ်မှူးကြီးချန်မောင် (လေ)တို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

✡ *ကျောဖုံးမှ*

## သီလခံယူဆောက်တည်

ရှေးဦးစွာ တက်ရောက်လာကြသော ဧည့်ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့ဦးတိုက်သစ် သံလမ်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

## လှူဖွယ်ပစ္စည်းဆက်ကပ်

ယင်းနောက် မြို့ဦးတိုက်သစ် သံလမ်း ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်ထံ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မြို့ဦးတိုက်သစ် သံလမ်း ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်နှင့် ဆရာတော် သံဃာတော်များအား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

## ဆွမ်းဆန်တော်လှူဒါန်း

ဆက်လက်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား လှူဒါန်းသည့် ဆွမ်းဆန်တော်နှင့် ပဲများကို မြို့ဦးတိုက်သစ် သံလမ်း ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်ထံ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ ဗိုလ်မှူးကြီးမြင့်ထွန်း (ရေ)၊ ဗိုလ်မှူးကြီးချန်မောင်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော်အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာနက လှူဒါန်းသော ဆွမ်းဆန်တော်များကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်က ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ဆွမ်းဆန်တော်များကို ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးခင်မောင်ဇော်က ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

## ဆေးဝါးများလှူဒါန်း

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ အာရှ ကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန် ကုမ္ပဏီလီမိတက်၊ လယ်ဝေးမြို့နယ်အတွင်းရှိ အလှူရှင်များ၊ OKဆန်ပွဲရုံ၊ စန္ဒီပရဆေးတိုက်၊ တက်လမ်း ဆောက်လုပ်ရေးကုမ္ပဏီ၊ ထွန်းရွှေဝါဆေးတိုက်၊ ကေသီပန် တိုင်းရင်းဆေးဝါး၊ မှန်ချိုဆေးတိုက်၊ ဂရိတ်ဝေါ-ရှမ်းရိုးမလိမ်းဆေး၊အေဝမ်း ကုမ္ပဏီတို့က ဆွမ်းဆန်တော်၊ ပဲ၊ ဆီ၊ ဆား၊ ဆပ်ပြာ၊ ငါးခြောက်၊ တိုင်းရင်းဆေးဝါး မျိုးစုံတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

## ဆွမ်းပဒေသာပင်လှူဒါန်း

ထို့နောက် ဆွမ်းပဒေသာပင် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ငွေကျပ်နှစ်သောင်း၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ငါးသောင်း၊ လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ငွေကျပ် လေးသိန်း၊ လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်သုံးသောင်းစီ၊ လယ်ဝေးမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးအဖွဲ့က ငွေကျပ် ငါးသောင်း၊ ရွှေသံလွင်ကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ စန္ဒီပရဆေး(ဦးသိန်းမောင်)-ဒေါ်ပါးပါးတို့က ငွေကျပ် သုံးသိန်းသုံးထောင်၊ မြတ်တော်ဝင်ဟိုတယ်က ငွေကျပ်သုံးသိန်း၊ ဦးသက်လင်း TZTNဆောက်လုပ်ရေးက ငွေကျပ် သုံးသိန်း၊ ဂရိတ်ဝေါ ဦးမောင်မောင်နှင့် ညီများက ငွေကျပ်သုံးသိန်း၊ ဦးသန်းနိုင် အရဏ်ဦးဆောက်လုပ်ရေးက ငွေကျပ် နှစ်သိန်း၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် ဆန်းမြန်မာက ငွေကျပ်နှစ်သိန်း၊ ဦးခင်မောင်သန့် WEGကုမ္ပဏီက ငွေကျပ် နှစ်သိန်း၊ ဦးဝင်းထင်ကျော် WHK က ငွေကျပ်နှစ်သိန်း၊ ဦးပြည့်ဖြိုးအောင် မိုးကြယ်စင်ဆောက်လုပ်ရေးက ငွေကျပ် နှစ်သိန်း၊ ဦးလင်းလင်းက ငွေကျပ် တစ်သိန်းနှစ်သောင်း၊ သီဟသုခမ္မသီဂီ ဒေါ်မြသိန်း၊ သား ဦးရန်ရှင်းမိသားစုက ငွေကျပ် တစ်သိန်းတစ်သောင်း၊ ဦးအောင်ဇော်မြင့်- သီရိသုဓမ္မသီဂီ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ငွေကျပ်တစ်သိန်းတစ်သောင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းနှင့်ပို့ကုန်လုပ်ငန်းရှင်များအသင်းက ငွေကျပ်တစ်သိန်း၊ ဦးအောင်သန်း (ရွှေတောင်ကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဦးအောင်ဝင်း (တက်လမ်းဆောက်လုပ်ရေး)က ငွေကျပ် တစ်သိန်း၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွှန့် (ဘီတီဘီ)က ငွေကျပ်တစ်သိန်း၊ ဦးကြည်စိုး(ကေသီပန်တိုင်းရင်းဆေး)က ငွေကျပ်တစ်သိန်း၊ ဦးတင်စိုးက ငွေကျပ်ငါးသောင်း၊ လယ်ဝေးမြို့နယ် အမှတ်(၂)ရပ်ကွက် ပြည်သူများက ငွေကျပ်သုံးသောင်းခွဲ၊ ဒဂုံလမ်းကုမ္ပဏီက ငွေကျပ်ငါးသောင်း၊ ပါရမီရှင် သွေးလှူရှင်အသင်းက ငွေကျပ် သုံးသောင်းခွဲ၊ ဦးသိန်းအောင်-ဒေါ်မမလေး၊ သမီး မဝါတို့က ငွေကျပ် သုံးသောင်း၊ ဦးဟန်ဝင်းအောင်-ဒေါ်မြစန်းရီတို့က ငွေကျပ်သုံးသောင်း၊ ဦးချစ်ခိုင်(အေဒင်ကုမ္ပဏီ)က ငွေကျပ်နှစ်သိန်း တို့ကို တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှတပ်မတော် အရာရှိကြီးများထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးချန်မောင်(လေ)က တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင် လှူဒါန်းရသည့် ရည်ရွယ်ချက်များကို လျှောက်ထားသည်။

## ရေစက်သွန်းချအမျှဝေ

ဆက်လက်၍ မြို့ဦးတိုက်သစ် သံလမ်း ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော်ထံမှ တက်ရောက်လာကြသော ဧည့်ပရိသတ်တို့က သာဓု အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် လယ်ဝေးမြို့နယ် အမှတ်(၃)ရပ်ကွက် ဓမ္မစကြာဝတ်အသင်း အသင်းဝင်များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့လှူဒါန်းပွဲတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော် ၁၀၄ အိတ်၊ ဆီ ၉၄ ပိဿာ၊ ပဲ ၂၆ ဒသမ ၂၀ ပိဿာ၊ ဆား ၁၃၁ ပိဿာ၊ သွားတိုက်ဆေးဘူး ၂၇ ဘူး၊ ဆပ်ပြာ ၃၂၉ ခဲ၊ ဆေးမျိုးစုံ ၁၉၉၈ ဘူး၊ ငါးခြောက် ၆၅ ဒသမ ၅ ပိဿာနှင့် ဆေးပဒေသာပင် အလှူငွေကျပ် ၄၇၈၃၀၀၀ တို့ကို လှူဒါန်းကြသည်။

**(သတင်းစဉ်)**

✳ *ကျောဖုံးမှ*

ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင် ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက် ပဓာန နာယကဆရာတော် ဓမ္မာစရိယ ဓမ္မကထိက ဘဒ္ဒန္တဇာဂရထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ဆရာတော်ကြီးအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



အင်းစိန်မြို့နယ်အတွင်းရှိ သီလရှင်စာသင်တိုက် တစ်တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများကိုယ်စား တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီး သုံးဦးတို့က ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို သီလရှင်ဆရာကြီးထံ ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

## လှူဖွယ်ပစ္စည်းဆက်ကပ်

ယင်းနောက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့်ပဲများကို တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ တပ်မတော် အရာရှိကြီးသုံးဦးတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ အာရှ ကြီးပွားတိုးတက်ရေး ကုမ္ပဏီ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အိုကေဆန်ပွဲရုံ၊ စန္ဒီပရဆေးမိသားစု၊ ကျော်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး၊ သီရိကုဋေကြွယ်ကုမ္ပဏီ၊ ကမာရွတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ဆာကူရာဟိုတယ်၊ ဆန္ဒမွန်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးနှင့် အလှကုန်လုပ်ငန်း၊ အထက (၅) ကမာရွတ်၊ အမက(၄) ကမာရွတ်၊ ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့် မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းတို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုက ငွေကျပ် ၈၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၈၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ကမာရွတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၀၀၀၀၀၊ အမှတ်(၁) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀) တပ်မှူးနှင့် အရာရှိစစ်သည်များက ငွေကျပ် ၁၁၇၅၀၀၊ ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ် ၁၂ သိန်း၊ ကမာရွတ်မြို့နယ် အလှူရှင်များ စုပေါင်းလှူဒါန်း ငွေကျပ် ၁၀ သိန်း၊ ဦးဇေယျာသူရမွန် (မန်နေဂျင်းဒါရိုက်တာ၊ Gunkul Engineering & Air Fresh Co., Ltd.)က ငွေကျပ်ရှစ်သိန်း၊ ဦးမျိုးဆွေ-ဒေါ်မြရှင် (ပုလဲရတနာရောင်းဝယ်ရေး)က ငွေကျပ်ခြောက်သိန်း၊ အောင်သောင်း ကုမ္ပဏီလီမိတက်က ငွေကျပ်ငါးသိန်း၊ ရှမ်းရိုးမနဂါးကုမ္ပဏီ လီမိတက်က ငွေကျပ်လေးသိန်း၊ ဦးရဲအောင်-ဒေါ်လှလှဝင်း (သီရိကဋေကြွယ်ကုမ္ပဏီ)က ငွေကျပ် ၃၀၅၀၀၀၊(ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး မိသားစု)က ငွေကျပ် ၃၀၃၀၀၀၊ ဦးချစ်ခိုင် (ဧဒင်ဆောက်လုပ်ရေး)က ငွေကျပ်သုံးသိန်း၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွှန့် (BTB ကုမ္ပဏီ)၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)၊ ဦးမောင်မောင် (Asia Express Co., Ltd.)၊ ဦးမိုးမြင့်(Myint & Associate Co., Ltd.)၊ ဒေါက်တာ တင့်စိုးလင်း (ရွှေပုစွန်ကုမ္ပဏီလီမိတက်)၊ Jewellery Luck & Summer Palace Hotel၊ Blazon Super Market မိသားစုနှင့် ကမာရွတ်မြို့နယ် ဆီကုန်သည်များအသင်း နှစ်သင်းတို့က ငွေကျပ် နှစ်သိန်းစီ၊ ဆန်းမြန်မာ အင်တာပရိုက်စ်ကုမ္ပဏီနှင့် ဒေါ်သန်းနု (ဒေါ်နုမိသားစု)၊ ဦးတင်လှ(Camel Co., Ltd.)နှင့် ဦးအောင်ဇော်မြင့်- သီရိသုဓမ္မသီဂီ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်တို့က ငွေကျပ် ၁၁၀၀၀၀ စီ၊ ဦးသန်းအောင်-ဒေါ်ငွေကြည် (ချမ်းမြေ့စတိုး) မြောက်ဥက္ကလာပက ငွေကျပ် ၁၂၆၀၀၀၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ကမာရွတ်မြို့နယ် ပညာရေးဝန်ထမ်းများ၊ Standard Creation Training Co., Ltd.၊ ဦးကျော်ညွှန့် (ကျော်ညွှန့်နှင့် ညီအစ်ကိုများ)၊ ဦးဝင်းနိုင်-ဒေါ်ချိုချို (ပြည့်စုံဝင်းနိုင်ကုမ္ပဏီ)၊ ဦးစိုးစိုး (G.M.P Co., Ltd.)နှင့် ဦးထွန်းရွှေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)တို့က ငွေကျပ် တစ်သိန်းစီအပါအဝင် စေတနာရှင် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရောဝတီရေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးနေဝင်းက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

## အမျှပေးဝေ

ယင်းနောက် သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဓမ္မာစရိယ ဓမ္မကထိက ဘဒ္ဒန္တဇာဂရထံမှ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ကမာရွတ်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသူလေးများ ဝတ်အဖွဲ့က အရပ် ၁၀ မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကမာရွတ်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၃၄ အိတ် ၁၂ ပြည်၊ ဆီ ၄၃ ပိဿာ ၄၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၂၈၄ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၁၂၅၁ ဘူး၊ ပဲ ၅၆ ပိဿာ ၈၀ ကျပ်သား၊ သွားတိုက်ဆားဘူး ၅၇ ဘူးနှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၉၅၇၉၀၀၀ ဖြစ်သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများအား ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲ တက်ရောက်အားပေး

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ကြီးမှူးကျင်းပသော ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၏ သားသမီးများအား ပညာရည်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းတည့်၁၂နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်သည်။



**ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ၂၀၀၅ - ၂၀၀၆ ပညာသင် နှစ် တက္ကသိုလ် ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင် ခဲ့ ကြသည့် မြန် မာ နိုင် ငံ ရုပ်ရှင် အစည်း အရုံးဝင် များ၏ သား သမီး များ အား ပညာရည် ထူးချွန်ဆု ချီး မြှင့် ပွဲ တွင် ခြောက် ဘာသာ ဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး အောင်မျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ ပညာရည်ထူးချွန်ဆုချီးမြှင့်ရေး ကော်မတီ ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် ဆုရရှိသူများ တက်ရောက်ကြသည်။

## ရှင်းလင်းပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပညာရည်ထူးချွန်ဆု ချီးမြှင့်ရေးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူး ဦးတင်အောင်က ဆုချီးမြှင့်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သားသမီးများအား ဆုများချီးမြှင့်ရာ မဟော်ဂနီ ဗီဒီယို ထုတ်လုပ်ရေးမှ ဦးမျိုးမင်းက ဂုဏ်ထူးရရှိသူ ခုနစ်ဦးအား တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းစီကိုလည်းကောင်း၊ ရုပ်ရှင်နှင့်ဗီဒီယို သရုပ်ဆောင်များဖြစ်ကြသော ထွန်းထွန်း၊ အကယ်ဒမီ မင်းမော်ကွန်းနှင့် အကယ်ဒမီ အိန္ဒြာကျော်ဇင်တို့က ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦးအား ငွေကျပ် ငါးသောင်းစီကို လည်းကောင်း၊ မင်္ဂလာကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးဇော်မင်းက ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦးအား ငွေကျပ် တစ်သိန်းစီကိုလည်းကောင်း အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

## ဆုများချီးမြှင့်

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၅-၂၀၀၆ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်ဘာသာ ဂုဏ်ထူးရရှိကြသော ဗီဒီယိုဒါရိုက်တာ ဦးဇော်ကိုကို(ခ) ဦးဇော်ဆက်၏ သမီး မအေးမွန်ကို၊ ဦးပြည့်စုံ(ဇာတ်လမ်း/ဇာတ်ညွှန်း)၏သား မောင်ဆက်ပိုင်ကျော်နှင့် ဒေါ်ခင်အုန်းမြင့် (ပြဇာတ်နှင့် ရုပ်ရှင်နောက်ခံတေးဂီတ)၏ သမီး မဆုဆုတင်၊ သုံးဘာသာဂုဏ်ထူးရရှိသော ကလေးသရုပ်ဆောင် မပိုးဖြူသဲ၊ ခြောက်ဘာသာဂုဏ်ထူးရရှိကြသော ဒါရိုက်တာ ဦးဘုန်းဝေ၏သား မောင်ဝေဘုန်းဦး၊ ဦးမျိုးလွင်(ခ)ဦးကိုကိုမောင်(တည်းဖြတ်/မှတ်တမ်း)၏သမီး မသင်းသင်းလှိုင်နှင့် ဦးသန်းအေး (အုပ်ချုပ်/ဖြန့်ချိ)၏သမီး မသီတာယုတို့အား ဆုများချီးမြှင့်သည်။

## ကျေးဇူးတင်စကား

ထို့နောက် ပညာရည်ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား သုံးဘာသာဂုဏ်ထူးရှင် ကလေးသရုပ်ဆောင် မပိုးဖြူသဲက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့် တာဝန်ရှိသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။ **(သတင်းစဉ်)**



**ရန်ကုန်မြို့ ၃၃ လမ်း အမှတ် (၁၈၄/ခ) သုံးထပ်နေ ဒေါ်သန်းရီက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် တစ်သိန်းကို တိပိဋက နှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ကျန်းမာရေးမှူးအသင်း ဗဟိုဦးစီးအစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဗဟိုဦးစီး အစည်းအဝေး (၂၀၀၆)ကို ယနေ့နံနက် ၈ နာရီခွဲ က ရန်ကုန်မြို့ ဒဂုံမြို့နယ် အရှေ့ဈေးလမ်းရှိ ကျန်းမာရေးဝန်ထမ်းသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး(အစာ/ဆေးဝါး) ဒေါက်တာစိုးမြတ်ထွန်း၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူး အသင်း ဥက္ကဋ္ဌ ဦးအေးမြင့်နှင့် ဗဟိုဦးစီးအဖွဲ့ဝင် ခရိုင် ၄၉ ခရိုင်မှ ကျန်းမာရေးမှူး အသင်းခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ညွှန်ကြားရေးမှူး (အစာ/ဆေးဝါး) ဒေါက်တာစိုးမြတ်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

## ဖတ်ကြား

ဆက်လက်၍ အစည်းအဝေးကို ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအေးမြင့်က ဆောင်ရွက်ပြီး ဗဟိုအလုပ်အမှုဆောင်များက ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို ဖတ်ကြားအတည်ပြုကြသည်။

## အကြံပြု

ထို့နောက် ပြည်နယ်နှင့်တိုင်းအလိုက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ဆွေးနွေး အကြံပြုကြကာ ရှေ့လုပ်ငန်းစဉ်များကို ရေးဆွဲအတည်ပြုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၀ မှ**

## အင်းစိန်မြို့နယ်

အလားတူ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၆တိုက်နှင့် သီလရှင်စာသင်တိုက် တစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအားသင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၆တိုက်မှ ပဓာန နာယကဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက် တစ်တိုက်တို့မှ သီလရှင် ဆရာကြီးများ ကြွရောက်ကြပြီး ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြောက်ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

## လှူဖွယ်ပစ္စည်းများဆက်ကပ်

ရှေးဦးစွာ အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မာလာရာမကျွက်သစ်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော် သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုက လှူဒါန်းသော ဆွမ်း ဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲ တို့ကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ရေ၊လေ)မှ အရာရှိကြီးသုံးဦးတို့က ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

## ဆန်၊ဆီ၊ဆားလှူဒါန်း

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေး ပညာဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး)၊ အာရှ ကြီးပွားတိုးတက်ရေး ထုတ်ကုန်သွင်းကုန်ကုမ္ပဏီလီမိတက်၊ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ မြို့နယ် ဆန်ကုန်သည်များ၊ ဟိုမီယိုမက်သစ်ဆေးတိုက်၊ ပတ္တမြားဆီစက်မှုဇုန်၃၊ MB ဘီစကစ်စက်ရုံ၊ OK ဆန်ပွဲရုံ၊ အကျဉ်းဦးစီးဌာန၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ထွန်းရွှေဝါဆေးတိုက်တို့က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုက ငွေကျပ်၁၇၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၇၀၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သုံးသိန်း၊ ဦးကြူ မိသားစု(OK ဂျုံစက်)က ငွေကျပ်သိန်း ၂၀၊ ဦးစိုင်းမျိုးဝင်းကျော်၊ ဒေါ်နန်းခင်မြင့်ရည် မိသားစု (မြန်မာ့အားမာန် မော်တော်ယာဉ် ထုတ်လုပ်ရေး)က ငွေကျပ် ၁၀ သိန်း၊ ဦးခေါင်ဒင် [ရွှေပြည်တိုး သံရည်ကျိုလုပ်ငန်း စက်မှုဇုန်(၃)]က ငွေကျပ် ၆၆၆၆၆၆၊ ဦးရုံးမှု(ဂရင်းလိုက်ကုမ္ပဏီ)က ငွေကျပ်ငါးသိန်း၊ ဦးရန်ဟော် (ရွှေပြည်သာ စက်မှုဇုန်-၄) AMC ကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ (ဦးသိန်းမောင်)- ဒေါ်ပါးပါး(စန္ဒီပရဆေး)က ငွေကျပ် ၃၀၃၀၀၀၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်းနှင့် သီရိသုဓမ္မသီဂ ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ) က ငွေကျပ် ၃၁၀၀၀၀၊ ဦးချစ်မွေး (သပြေညိုအိမ်ဆောက်ပစ္စည်း)၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်အောင်- သီရိသုဓမ္မသီဂ ဒေါ်လှလှနွယ် (ဝင်းရတနာလုပ်ငန်း)နှင့် မြို့နယ် ဆီကုန်သည်ကြီးများအသင်းတို့က ငွေကျပ် သုံးသိန်းစီ၊ ဦးသိုင်းဝင်း- ဒေါ်ဌေးဌေးညွန့်(BTB Co., Ltd.)နှင့် မြန်မာနိုင်ငံဆီကုန်သည်ကြီးများ အသင်းတို့က ငွေကျပ်နှစ်သိန်းစီ၊ ဆန်းမြန်မာ ကုမ္ပဏီက ငွေကျပ် ၁၅၀၀၀၀၊ ဦးတင်လှ(Camel Co., Ltd.)က ငွေကျပ် ၁၁၀၀၀၀၊ ဦးမျိုးမြင့်(ဂရင်းရှိုင်းရယ်စက်ရုံ)၊ မြို့နယ် ပညာရေးမိသားစု၊ ဦးလှမင်းစိန်-ဒေါ်ကြူကြူလွင် (ဟိုမီယိုမက်သစ်ဆေးတိုက်)၊ ဦးသန်းထိုက်အောင် (ဂုဏ်ရည်ဆေးတိုက်)၊ ဦးလှကြည် (ရွာမ အနောက်ရပ်ကွက်)၊ ဦးသောင်းဌေး (ပိန္နဲကုန်းရပ်ကွက်)၊ ဦးမြင့် (စဥ့်ကူရပ်ကွက်)၊ ဦးကြည်လွင် (မြို့သစ် ၈ရပ်ကွက်)၊ဦးလှခင် (ဇော်ဘွားကြီးကုန်းရပ်ကွက်)၊ ဦးမြလှိုင် (အောင်ဆန်းရပ်ကွက်)၊ ဦးဘဟန်(ကြို့ကုန်းအရှေ့ ရပ်ကွက်)၊ ဦးနိုင်အောင်(မြို့သစ် က+ခရပ်ကွက်) ဦးမြင့်ဦး(အဝေးပြေးဝင်း)၊ ဦးတင်စိုး (နံ့သာကုန်းရပ်ကွက်)၊ ဦးမွန်သိန်း (ကြို့ကုန်းအနောက်ရပ်ကွက်)၊ဦးချစ်ဟန်၊ ဒေါ်မြကြည်(နံ့သာကုန်း)၊ ဦးအောင်သန်းစိုး (ပေါက်တောရပ်ကွက်)၊ ဦးလှသန်း (ရွှေညာမောင် ကားဂိတ်)၊ ဆန်ကုန်သည်ကြီးများအသင်း(ဗဟို)နှင့်ဦးထွန်းရွှေ(ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးလုပ်ငန်း)တို့က ငွေကျပ်တစ်သိန်းစီ အပါအဝင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဒုတိယ မြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

## ရှင်းလင်းလျှောက်ထား

ထို့နောက် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ကျော်က ဆွမ်းဆန်တော်၊ဆီ၊ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း လျှောက်ထားသည်။

ယင်းနောက် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်မှ တိုက်အုပ် ဆရာတော် ဘဒ္ဒန္တတိလောကာ ဘိဝံသထံမှ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

## မေတ္တာပို့သ

ထို့နောက် အင်းစိန်မြို့နယ် ရွာမ အရှေ့ရပ်ကွက် သီရိစန္ဒာဝတ်အဖွဲ့က အရပ် ၁၀မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အင်းစိန်မြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၅၂၁အိတ် ၁၅ ပြည်၊ ဆီ ၂၆၄ ပိဿာ ၄၀ကျပ်သား၊ အိုင်အိုဒင်းဆား ၂၂၆၉ ပိဿာ၊ တိုင်းရင်းဆေး မျိုးစုံ ၁၀၅၅ ဘူး၊ ပဲ ၇၅၃ ပိဿာ ၈၀ ကျပ်သား၊ သွားတိုက်ဆား ၄၅၄ ဘူးနှင့် ဆွမ်းပဒေသာပင် အလှူငွေ ၁၀၇၃၉၁၁၆ ကျပ် ဖြစ်သည်။ **(သတင်းစဉ်)**

# မဲခေါင်ဒေသခြောက်နိုင်ငံ အသက်(၂၀)အောက်လူငယ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁၀**

မဲခေါင်ဒေသ ခြောက်နိုင်ငံ အားကစားပြိုင်ပွဲ အသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၂ရက်မှ ၁၇ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် မဲခေါင်ဒေသနိုင်ငံများ ဖြစ်ကြသော မြန်မာ၊ ထိုင်း၊ တရုတ်၊ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားတို့မှ အသက်(၂၀)အောက် လူငယ်လက်ရွေးစင် ဘောလုံးအသင်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

## သတင်းမှတ်စု- ကိုဇော်

**ခြေစမ်းပွဲယှဉ်ပြိုင်**

အသက်(၂၀)အောက် ပဏာမ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းကို အားကစားသမား ၂၈ဦးဖြင့် ဖွဲ့စည်းပြီး ဩဂုတ် ၂၄ရက်မှ စတင်၍ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ မာဒေးကားဖလား ဘောလုံးပြိုင်ပွဲ၌ ချန်ပီယံဆုဖလားရရှိခဲ့သော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှ မိုးဝင်း၊ အောင်မျိုးသန့်၊ ခင်မောင်လွင်၊ အောင်မြင့်အေးနှင့် စိုးသီဟအောင်တို့ကို ထပ်မံအင်အားဖြည့်တင်းပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

စက်တင်ဘာ၂ရက်တွင် အဆင့်မြင့်တန်းမှ ဘဏ္ဍာ/အခွန်အသင်းနှင့် အသက်(၂၀)အောက် ပဏာမမြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းတို့ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ ဘဏ္ဍာ/အခွန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ စက်တင်ဘာ ၃ရက်တွင် အသက်(၂၀)အောက် ပဏာမ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းကို နှစ်သင်းခွဲ၍ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားစေပြီးနောက် အပြီးသတ်ဆန်ခါတင် အားကစားသမား ၁၈ဦးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

**အားကစားသမား**

အားကစားသမားများအဖြစ် **(ဂိုး)** ဇော်မိုးထက်၊ သီဟစည်သူ (စီးပွား/ကူးသန်း)၊ **(နောက်တန်း)** ထူးကျော် (ဘဏ္ဍာ/အခွန်)၊အေးဆန်း(ကမ္ဘောဇ)၊ ခင်မောင်လွင်၊ သီဟ(လယ်ယာ/ဆည်မြောင်း)၊ ကျော်ဇေယျာဝင်း(ပို့ဆောင်ရေး)၊ မိုးဝင်း (စီးပွား/ကူးသန်း)၊ **(အလယ်တန်း)** ရာဇာဝင်းသိန်း၊ အောင်မျိုးသန့် (စီးပွား/ကူးသန်း)၊ နေဝင်း (ကမ္ဘောဇ)၊ အောင်မိုး၊ အောင်မြင့်အေး (မြို့တော်စည်ပင်)၊ စိုးသီဟအောင် (ဆောက်လုပ်ရေး)၊ **(ရှေ့တန်း)** မင်းမင်းထွန်း (ဆောက်လုပ်ရေး)၊ စိုင်းသန်းအောင် (စွမ်းအင်)၊ ကျော်သီဟ(ကမ္ဘောဇ)နှင့် ပြည့်ဖြိုးဦး (ပို့ဆောင်ရေး)တို့ ပါဝင်ကြသည်။

မဲခေါင်ဒေသ ခြောက်နိုင်ငံ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဘောလုံးအားကစားနည်းအပြင် ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ်အားကစားနည်းများ၌ပါ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မဲခေါင်ဒေသ ခြောက်နိုင်ငံ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့သည် စက်တင်ဘာ ၁၁ ရက် **(ယနေ့)**တွင် ထိုင်းနိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။ ။ **(မြန်မာ့အလင်း)**

# ချန်ပီယံလိဂ် အုပ်စုပြိုင်ပွဲများစတော့မည် နာမည်ကြီးအသင်းများ ခက်ခဲစွာကစားရဖွယ်ရှိ

လန်ဒန် စက်တင်ဘာ ၁၀

**ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စုပထမဆင့်ပြိုင်ပွဲများကို စက်တင်ဘာ၁၂ ရက်နှင့်၁၃ ရက် ညပိုင်းတွင် စတင်ယှဉ်ပြိုင်တော့မည်ဖြစ်ရာ ပြိုင်ပွဲအားလုံး၏ကျင်းပမည့်အချိန်မှာ မြန်မာစံတော်ချိန် နံနက်ပိုင်း ၁ နာရီ၁၅မိနစ် ဖြစ်ကြောင်းသိရသည်။**

ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲများကို အုပ်စုရှစ်စုခွဲထားပြီး တစ်အုပ်စုလျှင် လေးသင်းစီ ပါဝင်ကာ အုပ်စုပတ်လည်ပွဲများ စတင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ စုစုပေါင်း အသင်း၃၂သင်း ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ယခုနှစ်ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲသည် နာမည်ကြီးအသင်းကြီးများနှင့် နာမည်မကြီးသော အသင်းများ အညီအမျှအုပ်စုခွဲဝေထားသဖြင့် အုပ်စုပြိုင်ပွဲမှစ၍ အကြိတ်အနယ်ရှိပြီး ပွဲကြီးပွဲကောင်းများအဖြစ် ကြည့်ရှုကြရမည်ဖြစ်သည်။

စက်တင်ဘာ ၁၂ရက် ည ၁နာရီ ၁၅ မိနစ်တွင်ကစားမည့် အုပ်စု(က)မှ ချယ်လ်ဆီးနှင့်ဝါဒါဘရီမင်၊ အုပ်စု(ခ)မှ ဘိုင်ယန်မြူးနစ်နှင့် စပါးတပ်မော်စကို၊ အုပ်စု(ဂ)မှ အိုင်ဟိုဗင်နှင့် လီဗာပူး၊ အုပ်စု(ဃ)မှ အိုလံပီယာကော့စ်နှင့် ဗလင်စီယာပွဲများသည် ဘောလုံးပရိသတ်များ အထူးစိတ်ဝင်စား ကြည့်ရှုရမည့်ပွဲများဖြစ်သည်။

ထို့အတူ စက်တင်ဘာ ၁၃ရက် ည ၁နာရီ ၁၅မိနစ်တွင် အုပ်စု(င)မှ လီယွန်နှင့် ရီးရဲမက်ဒရစ်၊ အုပ်စု(စ)မှ မန်ယူနှင့် ဆဲလ်တစ်၊ အုပ်စု(ဆ)မှ ဟမ်းဘတ်နှင့် အာဆင်နယ်၊ အုပ်စု(ဇ)မှ အေစီမီလန်နှင့် အေအီးကေအသင်းတို့၏ပွဲများမှာလည်း ဘောလုံးပရိသတ်များအကြိုက်တွေ့မည့် ပြိုင်ပွဲများဖြစ်သည်။

**ချယ်လ်ဆီး-ဝါဒါဘရီမင်**

ချယ်လ်ဆီးနှင့် ဝါဒါဘရီမင်ပွဲကို သုံးသပ်ကြည့်လျှင်လက်ရှိအနေအထားအရ ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲ လေးပွဲအပြီး မော်ရင်ဟိုထင်ထားသလောက် ခရီးမပေါက်သေးဘဲ ရှိသည်။

ပြီးခဲ့သော နွေရာသီက ချယ်လ်ဆီးအသင်းနည်းပြမော်ရင်ဟိုကချန်ပီယံလိဂ်ဖလားအတွက် မျှော်မှန်းပြီး ကြေးကြီးကစားသမားဖြစ်သည့် မိုက်ကယ် ဘောလက်နှင့် ရှက်ဗ်ချင်ကိုတို့ကို ခေါ်ယူအားဖြည့်ထားသည့်အပြင် မကြာမီက အာဆင်နယ်မှ နောက်တန်းကစားသမား အက်ရှ်လေကိုးလ်ကိုလည်း အမိအရ ခေါ်ယူအားဖြည့်ထားသည်။ သို့သော် ကစားသမားကောင်းများ ချယ်လ်ဆီးတို့ ပိုင်ဆိုင်ထားသော်လည်း လက်တွေ့တွင် ကစားကွက်တည်မရဘဲရှိသည်။

ဂျာမနီအသင်း ဝါဒါဘရီမင်၏ ခြေစွမ်းမှာ လက်ရှိအနေအထားအရ အကောင်းဆုံး ဖြစ်နေပြီး ကွင်းလယ်ကစားကွက် ဖန်တီးမှု ကောင်းလျှင် တိုက်စစ်မှူးကလိုဆေးက ဝါဒါဘရီမင်အတွက် အနိုင်ဂိုးများ သွင်းပေးလိမ့်မည်ဖြစ်သည်။

ယင်းပွဲတွင် ချယ်လ်ဆီးတို့ ဝါဒါဘရီမင်ကို အခက်အခဲဆုံးအဖြစ် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး သရေပွဲဖြစ်လာနိုင်ဖွယ်ရှိသည်။ နိုင်ခဲ့လျှင်လည်း ချယ်လ်ဆီးတို့ ပွတ်ကာသီကာဖြင့် နိုင်ဖွယ်ရှိသည်။

**ဘိုင်ယန်မြူးနစ်နှင့်စပါးတပ်မော်စကို**

ဘိုင်ယန်မြူးနစ် အသင်းသည် တိုက်စစ်မှူး မိုက်ကယ်ဘောလက် မရှိသော်လည်း ဝါရင့်တိုက်စစ်မှူး မက်ကိုင်း၏ ဂိုးသွင်းစွမ်းရည်ကြောင့် တောင့်တင်းခိုင်မာလျက်ရှိသည်။

ဖီးလစ်လမ်း၊ ဟားဂရေ့ဗ်နှင့် ရှဝိန်စတိန်ဂါတို့၏ ခြေစွမ်းကြောင့် ဘိုင်ယန်မြူးနစ်တို့ စပါးတပ်မော်စကိုအသင်းကို အိမ်ကွင်း၌ ဂိုးပြတ်ဖြင့် အနိုင်ယူဖွယ်ရှိသည်။

**အိုင်ဟိုဗင်-လီဗာပူး**

လီဗာပူးအသင်းသည် ပရီမီယာလိဂ် ပွဲစဉ်(၄)အပြီး နှစ်ပွဲရှုံး၊ တစ်ပွဲနိုင်၊ တစ်ပွဲသရေ ဖြစ်ခဲ့သည်။မှတ်တမ်းအရဆိုလျှင် အိုင်ဟိုဗင်အသင်းကို နိုင်ရန် အလွန်ခဲယဉ်းပေလိမ့်မည်။

နယ်သာလန်မှာ ခြေစွမ်းပြနေသည့် အိုင်ဟိုဗင်အသင်းကို ဂျရတ်၊ ခရော့ချ်၊ အလွန်ဆို၊ ဂါစီယာတို့သည် သရေကျအောင်ပင် ကာကွယ်ကစားရဖွယ်ရှိသည်။

**လီယွန်- ရီးရဲမက်ဒရစ်**

ရီးရဲမက်ဒရစ်အသင်းသည် ပြင်သစ်ချန်ပီယံ လီယွန်အသင်းကို ပြင်သစ်မြေတွင် အနိုင်ယူရန်မှာ လွန်စွာခက်ခဲပေလိမ့်မည်။ လီယွန်တွင် ဝီလ်တော့ဒ်ဦးဆောင်သော တိုက်စစ်ကြောင့် ဂိုးမြူးနေလျက်ရှိသည်။ ရီးရဲရောက် နစ္စတယ်ရွိုင်း၊ ဒိုင်ယာရာ၊ ကင်နာဗာရို၊ အီမာဆင်တို့ကဲ့သို့ ကစားသမားကောင်းများ ဖြည့်ဆည်းထားသော်လည်း ရီးရဲမက်ဒရစ်တို့ အကောင်းဆုံး ကစားကွက်ပြနိုင်မှု မရှိသေးချေ။ ယင်းပြိုင်ပွဲတွင် ရီးရဲမက်ဒရစ်တို့ သရေကစားနိုင်ခဲ့လျှင် အလွန်ကံကောင်းပေလိမ့်မည်။

**မန်ယူ-ဆဲလ်တစ်**

ယခုနှစ် ပရီမီယာလိဂ်ကန့်လန့်ကာ အဖွင့်မှာ မန်ယူတို့ နိုင်ပွဲများဖြင့် ဆက်လက်အောင်ပွဲခံလျက်ရှိသည်။ ဂစ်၊ ဆိုးရှားလ်၊ ပေါလ်စခိုးလ်တို့လို ထိပ်တန်းဝါရင့် ကစားသမားများမှစ၍ ခြေစွမ်းပြနေပြီး အသင်းလိုက်ကစားပုံအလွန်ကောင်းနေသည်။ စီရိုနယ်ဒိုနှင့်ရွန်နေတို့၏ ကမ္ဘာ့ဖလားပြဿနာကို နှစ်ဦးစလုံးမေ့ပစ်ကြပြီး အတွဲညီညီ တိုက်စစ်ဖွင့်နိုင်ကြပြီ ဖြစ်သည်။

မန်ယူ၏ အိုးထရက်ဖို့ဒ်ကွင်းတွင် စည်းလုံးညီညွတ်မှု အားကောင်းနေသော မန်ယူကို ဆဲလ်တစ်တို့ ဂိုးပေါက်ကို ပိတ်ဆို့ထားရဖွယ် ရှိသည်။ ။

**(မြန်မာ့အလင်း)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။**

## ဆေးဆိုးပန်းရိုက်လုပ်ငန်း စနစ်တကျရှိစေချင်

**စာတည်းခင်ဗျား-**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် အောင်ချမ်းအေးရပ် အောင်ချမ်းအေးမော်ရုံ အရှေ့ထိပ်တွင် ဆေးဆိုးပန်းရိုက်လုပ်ငန်းတစ်ခု ရှိပါသည်။ အဆိုပါလုပ်ငန်းမှဓာတုဗေဒဆေးရည်များကို စနစ်တကျစွန့်ထုတ်မှုမရှိ၍ အခြားနေအိမ်များအတွင်းစိမ့်ဝင်လျက်ရှိပါသည်။

ထို့အတွက် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေး ထိခိုက်လျက်ရှိပြီး အပင်များလည်း သေကျေပျက်စီးလျက် ရှိပါသည်။

သို့ပါ၍ အဆိုပါဆေးဆိုးပန်းရိုက်လုပ်ငန်းမှဆေးရည်များ စနစ်တကျစွန့်ပစ်နိုင်ရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**မဟာအောင်မြေသား**

## မင်းကုန်း-ဆူးလေလိုင်းကားအချိန်မှန်ထွက်စေချင်

**စာတည်းခင်ဗျား-**

လှည်းကူးမြို့နယ်မှ ရန်ကုန်မြို့သို့ သွားလာမှု အဆင်ပြေစေရန် သက်ဆိုင်ရာက မင်းကုန်း-ဆူးလေလိုင်းကားများကို စီစဉ်ပေးထားရာ ရန်ကုန်မြို့သို့ နံနက် ၇ နာရီ အရောက် သွားလိုသူများအတွက် ယခင်က နံနက် ၄ နာရီတွင် မင်းကုန်းမှ လိုင်းကားများ စထွက်ပေးခဲ့ပါသည်။ ယခုအခါ နံနက် ၆ နာရီမှ တစ်စီး၊ တစ်ခါတစ်ရံ နံနက်၇ နာရီခွဲမှတစ်စီး ရောက်လာပါသည်။ လိုင်းကားများ ပေါ်များပါသော်လည်း အချိန်မှန်မထွက်ဘဲရှိပါသည်။

သို့ဖြစ်၍ ခရီးသည်များ အချိန်တိကျစွာနှင့် အဆင်ပြေစွာ စီးနင်းနိုင်စေရန် မင်းကုန်း-ဆူးလေလိုင်းကားများကို အချိန်ထိန်းဂိတ်ထားရှိကာ နံနက် ၄နာရီမှ စတင်၍ တစ်နာရီခြား တစ်စီးနှုန်းဖြင့် အချိန်မှန် ထွက်နိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ခရီးသွား**

## တကောင်း(၁)လမ်းတွင် အမှိုက်မှန်မှန်သိမ်းစေချင်

**စာတည်းရှင့်-**

တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် တကောင်း (၁)လမ်းတွင် အမှိုက်များ လာရောက်မသိမ်းဆည်းသည်မှာ ကြာပြီဖြစ်ပါသည်။ အမှိုက်များ စုပုံနေပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**သန့်ရှင်းလိုသူ**

## အမှိုက်စွန့်ပစ်ရမည့်နေရာ သတ်မှတ်ပေးပါ

**စာတည်းရှင့်-**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၅ရပ်ကွက် မစိုးရိမ်ကျောင်း လမ်းသွယ် ၃ ရှိ မြေကွက်လပ်တစ်ခုတွင် သတ်မှတ်နေရာမဟုတ်ဘဲ အမှိုက်များ လာရောက်စွန့်ပစ်လျက် ရှိပါသည်။ ၎င်းအမှိုက်ပုံကြောင့်ရပ်ကွက်နေ ပြည်သူများ၏ ကျန်းမာရေး ထိခိုက်လျက်ရှိပါ၍ စည်းကမ်းတကျ အမှိုက်များ စွန့်ပစ်နိုင်ရေးကို သက်ဆိုင်ရာမှ စီစဉ်ပေးပါရန် တင်ပြအပ်ပါသည်။

**တာဝန်သိသူ**

## လမ်းမြေပေါ်ကျူးကျော်ထားမှု ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

ဝါးခယ်မမြို့ မြူနီစီပယ်လမ်းနှင့် ခေါက်ဆွဲတန်းလမ်းထောင့်ရှိ အိမ်တစ်အိမ်သည် လမ်းနယ်မြေသို့ ငါးပေခန့် ကျူးကျော်ဆောက်လုပ်ထားပါသည်။ အိမ်ရှေ့ပလက်ဖောင်းကိုလည်း လမ်းနယ်နိမိတ်ကို ကျော်လွန်၍ ခင်းထားသဖြင့် ယာဉ်နှင့်လမ်းသွားလမ်းလာများအတွက် အခက်အခဲဖြစ်လျက်ရှိပါသည်။ အဆိုပါနေအိမ်အား သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဝါးခယ်မသား**

## လျှပ်စစ်မီတာ တပ်ဆင်ပေးစေလို

**စာတည်းခင်ဗျား-**

ယုဇနဥယျာဉ်မြို့တော်တွင်ဆောက်လုပ်ရေးအဖွဲ့သို့ ကျသင့်ငွေပေးသွင်းထားသော်လည်း တိုက်ခန်းအချို့၌ လျှပ်စစ်မီတာ တပ်ဆင်ပေးခြင်းမရှိသေးပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ယုဇနသား**

## ရူပါရုံလမ်း ပြုပြင်ပေးစေလို

**စာတည်းခင်ဗျား-**

ဒဂုံမြို့သစ် (မြောက်ပိုင်း) ၄၇ ရပ်ကွက် အပိုင်း(၆)ရှိ ရူပါရုံလမ်းကို ကတ္တရာလမ်း ခင်းရန်အတွက် တစ်အိမ်လျှင် ငွေကျပ် ၆၅၀၀၀ စီ ကောက်ခံခဲ့သော်လည်း လမ်းပီပီပြင်ပြင် ဖြစ်ပေါ်လာခြင်း မရှိသေးပါ။

သို့ပါ၍ အဆိုပါလမ်းအား ကတ္တရာလမ်း ခင်းနိုင်ရေးအတွက် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းကောင်းစေလိုသူ**



## သားသတ်လုပ်ငန်း ဖယ်ရှားရှင်းလင်းပြီး

၂၈-၈-၂၀၀၆ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ပဲခူးတိုင်း ဝေါမြို့ အေးချမ်းသာယာရေးရပ်ကွက် ဗိုလ်တာရာလမ်းတွင် **ရပ်ကွက်အတွင်းမှ သားသတ်လုပ်ငန်း ဖယ်ရှားပေးပါ** ခေါင်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ **(အပေါ်ပုံ)**

**(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)**

## သုံးသပ်တင်ပြသူ

## မြင့်မောင်စိုး

## ခွာရန်ရာနှုန်း ၈၀

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

# ကမ္ဘာတစ်လွှား အားကစား

## ယူအက်စ်အိုးပင်း တင်းနစ်ပြိုင်ပွဲ မာရီယာရှာရာပိုဗာ ဆုဖလားဆွတ်ခူးပြီ

**နယူးယောက် စက်တင်ဘာ ၁၀**

ရုရှားတင်းနစ်မယ် မာရီယာရှာရာပိုဗာသည် ယူအက်စ်အိုးပင်း အမျိုးသမီးတင်းနစ်ပြိုင်ပွဲ တစ်ဦးချင်း ပြိုင်ပွဲဆုဖလားကြီးကို ဘယ်လ်ဂျီယံနိုင်ငံသူ ဂျူစတင်ဟေနင်ဟာဒင်းအား ၆-၄၊၆-၄ ဖြင့် အနိုင်ယူပြီး ဆွတ်ခူးလိုက်ပြီ ဖြစ်သည်။



**ယူအက်စ်အိုးပင်းဖလားကို ကိုင်မြှောက်အောင်ပွဲခံနေသော မာရီယာရှာရာပိုဗာ။** (ဓာတ်ပုံ-အင်တာနက်)

၂၀၀၄ ခုနှစ် ဝင်ဘယ်ဒန်ချန်ပီယံ ရှာရာပိုဗာသည် အဆိုပါ ပြိုင်ပွဲကို မိနစ် ၉၀ ကြာ ကစားအပြီး ဆုဖလားကြီးကို ရရှိခဲ့ခြင်းဖြစ်သည်။ သူမသည် ယင်းဆုဖလားကြီးကို ဝင်ဘယ်ဒန် ဆုဖလားရပြီးနောက် ပထမဆုံးဂရင်းဆလမ်ဖလားကို ဆွတ်ခူးနိုင်ခြင်းဖြစ်သည်။

**အနိုင်ရခဲ့ဖူး**

ဂျူစတင်ဟေနင်ဟာဒင်းနှင့် ရှာရာပိုဗာတို့သည် ယခင်က ငါးကြိမ်ဆုံတွေ့ခဲ့ရာ ဂျူစတင်ဟေနင်ဟာဒင်းက လေးကြိမ် အနိုင်ရခဲ့ဖူးသည်။

ရှာရာပိုဗာသည် ပထမဆုံး ယူအက်စ်အိုးပင်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၄ နှစ်ရှိ ဂျူစတင်ဟေနင်ဟာဒင်းသည် တစ်နှစ်အတွင်း ကြီးလေးကြီးပြိုင်ပွဲ လေးပွဲစလုံးတွင် ဗိုလ်လုပွဲ တက်ရောက်နိုင်သည့် သတ္တမမြောက် အမျိုးသမီး တင်းနစ်ကစားသမား ဖြစ်လာသည်။

**ဖလားငါးလုံးဆွတ်ခူး**

အသက် ၁၉နှစ်ရှိ ရှာရာပိုဗာသည် ယခုဖလားအပါအဝင် ဂရင်းဆလမ်ဖလားကြီးနှစ်လုံးကို ပိုင်ဆိုင်သွားပြီဖြစ်သည်။ သို့ရာတွင် ဂျူစတင်ဟေနင်ဟာဒင်းသည် ကြီးလေးကြီးပြိုင်ပွဲမှ ဖလားငါးလုံးဆွတ်ခူးခဲ့သူ ဖြစ်သည်။

ရှာရာပိုဗာသည် သူမ၏ တင်းနစ်ကစားသမားသက်တမ်းတစ်လျှောက် ကြီးလေးကြီး ဖလားနှစ်လုံးအပါအဝင် ဖလား ၁၃ လုံး ဆွတ်ခူးနိုင်ခဲ့ပြီး ဂျူစတင်ဟေနင်ဟာဒင်းမှာ ဖလား ၂၄ လုံး ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်သည်။ **(အင်တာနက်)**

## အမျိုးသားများနှင့်တန်းတူဂေါက်သီးယှဉ်ပြိုင်သော မီရှယ်ဝီ ရိုက်ချက်များပိုနေ၍ ဖလားနှင့်ဝေးခဲ့ရ



**ရိုက်ချက်များ ပိုရိုက်ထား၍ စိတ်ညစ်နေသော မီရှယ်ဝီ။** (ဓာတ်ပုံ-အင်တာနက်)

**ဂျီနီဗာ စက်တင်ဘာ ၁၀**

ဂေါက်သီးကစားခြင်းဖြင့် နာမည် ကျော်ကြားလာသော ဂေါက်သီးအားကစားမယ် မီရှယ်ဝီသည် ဆွစ်ဇာလန်နိုင်ငံ၌ ကျင်းပသော ဥရောပ မာစတာဖလားပြိုင်ပွဲ ဒုတိယနေ့ ပြိုင်ပွဲအပြီး သတ်မှတ်ရိုက်ချက်ထက် ၁၅ချက် ပိုရိုက်မိ၍ ဖလားနှင့်ဝေးရပြန်ပြီဖြစ်သည်။

**ဦးဆောင်**

ယင်းဥရောပ မာစတာဖလားပြိုင်ပွဲတွင် မီရှယ်ဝီသည် အမျိုးသား ဂေါက်သီးကစားသမားများနှင့်အတူ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဝေလမှ ဘလက်လေဒရက်ဂျ်က တတိယနေ့ပြိုင်ပွဲအပြီး သတ်မှတ်ရိုက်ချက်ထက် ၁၃ချက်လျှော့ရိုက်ကာ ပြိုင်ဘက်များကို ဦးဆောင်လျက်ရှိသည်။

ဂျာမနီမှ မာဆယ်ဆီယမ်က တတိယနေ့အပြီး သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျှော့ရိုက်ကာ ဒုတိယနေရာမှ လိုက်နေသည်။ **(အင်တာနက်)**

ရေးသားတင်ပြသူ
**မြင့်မောင်ဦး**

## စင်ကာပူအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ တောင်အာဖရိကနှင့်ဩစတြေးလျနိုင်ငံသားတို့ဦးဆောင်

**စင်ကာပူ စက်တင်ဘာ ၁၀**

စင်ကာပူအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ပြိုင်ပွဲအပြီး တောင်အာဖရိကမှ အာနိုင်းအဲစ်နှင့် ဩစတြေးလျနိုင်ငံသားအဒမ်စကော့တ်တို့သည် ပြိုင်ဘက်များကို သုံးချက်အသာရကာ ဦးဆောင်လျက်ရှိသည်။



**တောင်အာဖရိက နိုင်ငံသား အာနိုင်းအဲစ်၏ ဂေါက်သီးရိုက်ဟန်။** (ဓာတ်ပုံ-အင်တာနက်)

တတိယနေ့ပြိုင်ပွဲအဖြစ် စက်တင်ဘာ ၉ ရက်က ယှဉ်ပြိုင်ကြရာ လက်ရှိချန်ပီယံ အဒမ်စကော့တ်က ၆၆ ချက်ရိုက်ပြီး အာနိုင်းအဲစ်က ၆၉ ချက်ရိုက်သည်။ ယင်းတို့နှစ်ဦးသည် သုံးရက်ယှဉ်ပြိုင် ကစားအပြီး စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီ လျှော့ရိုက်ထားကြသည်။

ဩစတြေးလျနိုင်ငံသား ဘရက်ကင်နက်ဒီက စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ကာ တတိယနေရာမှ လိုက်နေသည်။ ယမန်နှစ် ဒုတိယနေရာရောက်သူ လီဝက်စ်ဝုဒ်သည် စတုတ္ထနေရာ၌သာ ရှိနေသည်။

ယမန်နှစ် ချန်ပီယံအဒမ်စကော့တ်သည် စင်ကာပူအိုးပင်းချန်ပီယံဖြစ်ခဲ့ပြီးနောက် ဖလားတစ်လုံးမှ ဆွတ်ခူးနိုင်ခြင်း မရှိကြောင်း သိရသည်။ **(အင်တာနက်)**

## ဘာစီလိုနာနှင့်ဗလင်စီယာတို့နိုင်ပွဲရသည့် လာလီဂါပွဲစဉ်(၂)

**မက်ဒရစ် စက်တင်ဘာ ၁၀**

စပိန်လာလီဂါပွဲစဉ်များကို စတင်ကစားနေပြီဖြစ်ရာ စက်တင်ဘာ ၉ ရက်က ကစားသည့် ဘာစီလိုနာနှင့် အိုဆာဆူနာတို့ပွဲတွင် ဘာစီလိုနာက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အက်သလက်တီကိုနှင့် ဗလင်စီယာတို့ပွဲတွင် ဗလင်စီယာက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**ဘာစီလိုနာနှင့် အိုဆာဆူနာ**

လာလီဂါ အဖွင့်ပွဲ၌ အနိုင်ရရှိထားသော ဘာစီလိုနာသည် ပွဲစဉ်(၂)တွင် အိုဆာဆူနာကို အိမ်ကွင်း၌ သုံးဂိုးပြတ်သွင်းယူ နိုင်ခဲ့သည်။ ရော်နယ်ဒင်ဟို၊ မက်ဆီနှင့် အီတူးတို့ တိုက်စစ်အတွဲဖြင့် ပွဲထုတ်လာသော ဘာစီလိုနာ တိုက်စစ်ကို အိုဆာဆူနာတို့ မထိန်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

ဘာစီလိုနာအတွက် အဖွင့်ဂိုးကို ပွဲစချိန်နှစ်မိနစ်မှာပင် အီတူးဗွေဆော်ဦး အဖွင့်ဂိုးသွင်းယူခဲ့ပြီး ဒုတိယဂိုးကို ပွဲချိန် ၂၇မိနစ်၌ အီတူးကပင် ထပ်မံသွင်းယူခဲ့သည်။

ဘာစီလိုနာ ကွင်းလယ်မှ ဟာနန်ဒက်၊ အီမီလ်ဆင်နှင့် ဒေကိုတို့က ကွင်းလယ်ကစားကွက်ကို စီးထားနိုင်ရာ ပွဲချိန် ၃၇ မိနစ်၌ မက်ဆီက တစ်ဂိုးထပ်မံသွင်းယူခဲ့ပြန်သဖြင့် ပထမပိုင်းပွဲချိန်အတွင်းမှာပင် ဘာစီလိုနာတို့သုံးဂိုးပြတ် အနိုင်ရရှိနေခဲ့သည်။

**ထိပ်ဆုံး၌ရပ်တည်**

ဒုတိယပိုင်းတွင် အိုဆာဆူနာ တို့က ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ဘာစီလိုနာခံစစ်မှူးများကို မကျော်လွှားနိုင်သဖြင့် သုံးဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဘာစီလိုနာသည် ယခုပွဲအနိုင်ရရှိသဖြင့် နှစ်ပွဲကစား နှစ်ပွဲနိုင်ခြောက်မှတ်ဖြင့် တန်းစီဇယားထိပ်ဆုံး၌ ရပ်တည်နေသည်။

**အက်သလက်တီကိုနှင့် ဗလင်စီယာ**

လာလီဂါအစမှာပင် ခြေစွမ်းပြနေသော ဗလင်စီယာတို့ အဝေးကွင်းမှာ အနိုင်ရအောင် ကစားခဲ့သည်။ ဗလင်စီယာတိုက်စစ်မှူး ဒေးဗစ်ဗီလာနှင့် မီဂွယ်အင်ဂူလိုတို့က အက်သလက်တီကို နောက်တန်းကို ပွဲစတင်သည်နှင့် ထိုးဖောက်ကစားရာ ပွဲချိန်ခုနစ်မိနစ်မှာပင် တိုက်စစ်မှူး ဒေးဗစ်ဗီလာက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။

စုစည်းတင်ပြသူ
**မောင်မောင်မြင့်ဆွေ**

**အနိုင်ရရှိခြင်းဖြစ်**

အက်သလက်တီကိုတို့က အိမ်ကွင်း၌ ချေပဂိုးရရှိရေးနှင့်အနိုင်ဂိုးများသွင်းယူနိုင်ရေးအတွက် တွန်းတွန်းတိုက်တိုက်တုံ့ပြန်ကစားခဲ့မှုကြောင့် အက်သလက်တီကို တိုက်စစ်မှူးတောရက်စ် ၇၆မိနစ်၌ အနီကတ်ပြ အထုတ်ခံခဲ့ရသဖြင့် ၁၀ဦးတည်းနှင့် ကစားခဲ့ရသည်။ ပွဲချိန်ပြည့်သည်အထိ အက်သလက်တီကိုတို့က ချေပဂိုးမသွင်းနိုင်သလို ဗလင်စီယာတို့ကလည်းထပ်မံဂိုးမသွင်းနိုင်သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့်ဗလင်စီယာတို့အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



**ဘာစီလိုနာအတွက် နှစ်ဂိုးသွင်းပေးသည့် တိုက်စစ်မှူး အီတူး၏ ကစားဟန်။** (ဓာတ်ပုံ-အင်တာနက်)

## စီးရီးအေ ပွဲစဉ်များ စတင်ယှဉ်ပြိုင် အင်တာမီလန်နှင့်ရိုးမားအသင်းတို့ သုံးမှတ်စီရ

**ရောမ စက်တင်ဘာ ၁၀**

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်က စတင်ကျင်းပရာ ပွဲစဉ်(၁)အဖွင့်ပွဲစဉ်အဖြစ် ရိုးမားနှင့် လီဗော်နို၊ ဖီအိုရင်းတီးနားနှင့် အင်တာမီလန်တို့ ကစားခဲ့ကြရာ ရိုးမားနှင့် အင်တာမီလန်တို့ နိုင်ပွဲများရရှိခဲ့ကြသည်။

**ရိုးမားနှင့် လီဗော်နို**

အိမ်ကွင်းအဖွင့်ပွဲစဉ်၌ ရိုးမားတို့ ခြေစွာသောလီဗော်နိုကို နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ယူနိုင်ခဲ့သည်။ ရိုးမားတို့က လီဗော်နိုတို့ တိုက်စစ်ကို ဟန့်တားရင်း ပထမပိုင်း ပွဲချိန် ၄၅ မိနစ်၌ ရိုးမားတိုက်စစ်မှူး ရို့စီက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ရိုးမားတို့၏ ရို့စီသွင်းသော ယခုဂိုးသည် ၂၀၀၆-၂၀၀၇ စီးရီးအေရာသီ၌ ပထမဆုံး ဂိုးပင်ဖြစ်သည်။

ရိုးမားတို့အတွက် ဒုတိယဂိုးကို ပွဲချိန် ၅၄ မိနစ်၌ မာချီနီက သွင်းယူပေးခြင်းဖြစ်သည်။ လီဗော်နိုတို့ ချေပဂိုးရရှိရေး အပြင်းအထန် ကြိုးစားသော်လည်း ပွဲချိန်ပြည့်အထိ ဂိုးမသွင်းနိုင်ခဲ့၍ နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။



**ရိုးမားအတွက် ဂိုးသွင်းပေးသူ ရို့စီ(ယာ)နှင့် လီဗော်နိုမှ ဗီဒီဂယ်တို့ ဘောလုံးရရှိရေး ဤသို့ ကြိုးစားခဲ့ကြသည်။** (ဓာတ်ပုံ-အင်တာနက်)

**ဖီအိုရင်းတီးနားနှင့် အင်တာမီလန်**

ခြေမှန်သော ဖီအိုရင်းတီးနားကို အင်တာမီလန်တို့ သုံးဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့ပြီးမှ ဖီအိုရင်းတီးနားတို့က နောက်မှလိုက်ကာချေပဂိုး နှစ်ဂိုးသာသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ အင်တာမီလန်အတွက် ဂိုးများကို ပွဲချိန် ၁၁ မိနစ်၊ ပွဲချိန် ၄၂ မိနစ်တို့၌ ကမ်ဘီယာဆိုက တစ်ဦးတည်း နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သည်။ တတိယဂိုးကို အီဘရာဟင်မိုဗစ်က ပွဲချိန် ၆၁မိနစ်၌ သွင်းယူခဲ့ခြင်းဖြစ်သည်။

ဖီအိုရင်းတီးနားအတွက် ချေပဂိုးကို ပွဲချိန် ၆၈မိနစ်တွင် တိုနီ၊ ပွဲချိန် ၇၉ မိနစ်တွင်လည်း တိုနီကပင် ထပ်မံသွင်းယူချေပပေးခဲ့ခြင်းဖြစ်သည်။ ရိုးမားနှင့် အင်တာမီလန်တို့ စီးရီးအေအဖွင့်ပွဲစဉ်၌ နိုင်ပွဲများရကာ ဗွေဆော်ဦး သုံးမှတ်စီရရှိခဲ့ပြီ ဖြစ်သည်။ **(အင်တာနက်)**








## အမည်ပြောင်း

အထက(၁)ပြည် နဝမတန်း (D) မှ အဖ ဦးမြင့်သိမ်း၏သား မောင်ခိုင်မိုးသာအား မောင်ခိုင်လင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ခိုင်လင်း။**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့ အထက(၂) စာစစ်ဌာနမှ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းကို ခုံအမှတ် မမ-၈၈၀ ဖြင့် အောင်မြင်သည့် မောင်အောင်မျိုးမင်း၏ဖခင်အမည်မှန်မှာ ဦးရဲမြင့် ဖြစ်ပါသည်။

## အမည်ဖြည့်စွက်ခေါ်ပါရန်

အဖ ဦးမြသန်း၏သား ကျွန်တော် မောင်နေလင်း ၁၂/ရကန(နိုင်)၀၂၇၁၇၅ အား မောင်နေလင်း(ခ)မောင်နီအောင်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

**မောင်နေလင်း(ခ)မောင်နီအောင်။**

















## မော်တော်ယာဉ်မသုံးစွဲရနေ့ ကြပ်မတ်စစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၀**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မြင့်စိုး၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းနောင်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများသည် အဖွဲ့ဝင်များနှင့်အတူ နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည့် ယနေ့တွင် ရန်ကုန်မြို့၏အချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲခြင်းကို လှည့်လည်ကြည့်ရှု စစ်ဆေးကြပ်မတ်ကြသည်။

မော်တော်ယာဉ်များမသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့ဝင်များသည် နံနက်၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏အချက်အချာကျသော နေရာများ၌ မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းများဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)၊ ဌာနဆိုင်ရာဝတ်စုံများ၊ ဝတ်ဆင်ခြင်းတို့ကို လိုက်နာခြင်း ရှိ၊မရှိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုတို့ကိုပါ ကြည့်ရှုစစ်ဆေးကြသည်။

**(သတင်းစဉ်)**

## ပညာပေးဟောပြော

**လှိုင်သာယာမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၏ မူးယစ်ဆေးဝါး HIV°/°AIDS နှင့် အခြားကူးစက်ရောဂါ အန္တရာယ် အသိပညာပေး ဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ၉ရက်က မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဗိုလ်ကြီးညွန့်တင်(ငြိမ်း)က မြို့နယ် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား အသိပညာပေး ဟောပြောစဉ်။** (က-ပ)



**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ပျဉ်းမနားမြို့ မြို့မဈေး ဦးကျော်-ဒေါ်လှကြည်၊ သမီး မခင်လေးမိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(Pre. Ph.D)က ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)

## ကယားပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အရန်သားဖွားဆရာမသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၀**

ကယားပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သည့် အရန်သားဖွားဆရာမသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ရက်က လွိုင်ကော်မြို့တော်ခန်းမ၌ ကျင်းပသည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမြင့်ရွှေက ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ ငွေကျပ်သိန်း ၃၀၊ မော်တော်ယာဉ်ကြီး အသင်းက ငွေကျပ်၃၄၆၀၀၀၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကငွေကျပ်သုံးသိန်း၊ စစ်မှုထမ်းဟောင်း အဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတို့က ငွေကျပ် ၅၀၀၀၀စီကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

### ထောက်ပံ့ပေးအပ်

ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသန်းက ကျေးရွာအုပ်စုလေးအုပ်စုနှင့်ကျေးရွာ၁၅ရွာသို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝတ်စုံများ၊အရန်သားဖွားဆရာမဝတ်စုံများကို ထောက်ပံ့ပေးအပ်သည်။

အဆိုပါ သင်တန်းသို့ လွိုင်ကော်၊ ဖရူဆို၊ ဒီမောဆိုမြို့နယ်များမှသင်တန်းသူ၁၃၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



## အထက(၁)ကမာရွတ် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

စံပြအမျိုးသမီးအထက်တန်းကျောင်း(မရမ်းခြံ) အထက(၁) ကမာရွတ် ကျောင်းသူဟောင်းများ၏ (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်တိုဘာ၇ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် ယင်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဒေါ်ခင်မြင့်မြင့်စိမ်း ဖုန်း-၅၈၄၄၈၉၊ ဒေါ်တင်တင်သင်း ဖုန်း-၅၂၆၁၅၉၊ ဒေါ်စန်းဖြူဖြူ ဖုန်း-၆၆၄၇၅၁၊ ဒေါ်အေးလှိုင် ဖုန်း-၂၉၀၆၄၂၊ ဒေါ်ညွန့်ညွန့်ရည်၊ ဒေါ်ချိုချိုမြင့် ဖုန်း-၂၉၄၂၉၁၊ ဒေါ်စိန်မြ ဖုန်း-၅၂၄၄၅၁နှင့် ဒေါ်ပန်းခက်ခက် ဖုန်း-၀၉-၅၀၀ ၀၃၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**



**ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် ရှမ်းကွင်းကျေးရွာ အဝင်လမ်းကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို စက်တင်ဘာ ၁၅ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကွင်းဆင်း ကြည့်ရှုရာ မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက်ပိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်တို့က ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြစဉ်။** (၁၅၈)

# မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူးများ ပဲခူးတိုင်းအဆင့်နည်းပြသင်တန်းဖွင့်၊ လုပ်ငန်းစဉ်များဆွေးနွေး

**ပဲခူး စက်တင်ဘာ ၁**

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဆယ်အိမ်စုမှူးများ တိုင်းအဆင့် နည်းပြ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ်၂၂ရက် နံနက် ၉ နာရီက ပဲခူးမြို့ သီရိပဟ်သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်နှင့် အဖွဲ့ဝင်များ၊ ပဲခူးခရိုင်နှင့် တောင်ငူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းပို့ချမည့် အထူးကုဆရာဝန်ကြီးများ၊ ပဲခူးတိုင်း ၁၄ မြို့နယ်မှ တစ်မြို့နယ်လျှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများနှင့် လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က အသင်းကြီး၏ မူလလုပ်ငန်းစဉ်ကြီး (၄)ရပ်ဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်ရန်၊ (၁၆)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးမှ ချမှတ်သော လုပ်ငန်းစဉ်တစ် ရပ်ဖြစ်သည့် ၁၀အိမ်လျှင် တစ်ဦးကျ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက အောက်ခြေအထိအဆင့်ဆင့် စောင့်ရှောက်နိုင်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ဖားကန့်မြို့ သာယာလှပစေရေးအတွက် ဩဂုတ်၅ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးမြင့်အောင် ကြီးကြပ်မှုဖြင့် ဦးစီးအရာရှိ ဦးနေမျိုးနိုင် ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ မော်ဝမ်းရပ်ကွက်ပန်းတင်တံတား အနီးရှိကုန်းစောင်းတွင် ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။**

(မြို့နယ် စည်ပင်)

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ သာစည်မြို့နယ်၌ကျင်းပ

**သာစည် ဩဂုတ် ၁၀**

သာစည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ်၁၈ရက် နံနက်က သာစည်မြို့နယ် ဘုရားငါးဆူနှင့် ပျော်ဘွယ်မြို့နယ်သွား အဝေးပြေး ကားလမ်းမကြီး၏ မိုင်တိုင်အမှတ် ၁၄/၄ မှ ၁၆/၆ အတွင်းရှိ ကားလမ်းဘေး ဝဲယာတို့တွင် ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂)ဦးညွှန့်မောင်၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးဦးသန်းနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား တစ်ထောင်ကျော်တို့က ကျွန်းပင်၊ အော်ရေရှား၊ ပိတောက်၊ တမာနှင့် မယ်ဇလီပင်တို့ကို စုပေါင်း၍ စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**





**ရေတာရှည်မြို့နယ် စာပေနှင့်စာနယ်ဇင်း အဖွဲ့က ကြီးမှူး၍ စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံ ရှင်းလင်းပွဲကို ဩဂုတ်၁၈ ရက်က ကျင်းပရာ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့် (စိမ်းလန်း) ရေတာရှည် က အဖွင့်အမှာစကား ပြောကြားစဉ်။** (က-ပ)




# မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**တော်သလင်းလပြည့်ကျော် ၆ ရက်**
**၁၂-၉-၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

**နေ့လယ်ပိုင်း**

- ၁၀:၀၀ **(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်-(အမျိုးသမီး)အဆိုပြိုင်ပွဲဝင်များ လေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်)**
  **(၁) ဓမ္မစကြာ (ဒေါ်ကြည်အောင်)**
  **- အဆင့်မြင့်ပညာအဆင့် (အမျိုးသား) လေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်)**
  **(၁) ဒို့တောရွာ (ဥသြဘသောင်)**
  **(၂) ဂုဏ်တော်ဖွင့် (ပြည်လုဖေ)**
- ၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ(နည်းပညာသုံးစက်မှုအလုပ်ကုန်ထုတ်လုပ်မှုအကြောင်း)
- ၁၁:၃၀ မြန်မာ့မူဟန်ဇာတ်မာန်ဟောပြောချက် (နယ်ချဲ့ခုခံစစ်နှင့် မျိုးချစ်သူရဲကောင်းဗိုလ်ရာညွှန့်) (ညွှန့်ဟံ-ကြူတော)
- ၁၂:၀၀ သူ့အတွေးနှင့် သူ့အရေး (စိတ်ထားပြောင်းမှ ကောင်းကျိုးရမည်-မောင်သိန်းလှိုင်-မြဝတီ)
- ၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ဖူးစာမင်ရှည်ကျဲတာကြောင့်)
- ၁၂:၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ကလေးများဘဝဖွံ့ဖြိုးရေး မိဘများကဆောင်ရွက်ပေး) (ဖြူဖွေး)
- ၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဆဋ္ဌမတန်း-ပထဝီဝင်)(မြေဆီလွှာ)

**ညနေပိုင်း**

- ၁၆:၁၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
  (၁) ချစ်သောဤကမ္ဘာမြေ (ပုဂံဂီတအဖွဲ့)
  (၂) ပင်သောင်ညို (စန္ဒရားမြဦးအဖွဲ့)
  (၃) လာလေသာစွ ရွှေ့ရိုးမ (တက္ကသိုလ် မောင်တင့်နွယ်အဖွဲ့)
- ၁၇:၀၀ တပ်မတော်စာတိုက်
- ၁၇:၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အားကစားသမားများအတွက် စိတ်တည်ငြိမ်မှု)
- ၁၈:၂၅ ကျေးလက်ဇာတ်လမ်း (စံပယ်မွှေးမွှေးအထွေးဖို့)
- ၁၉:၁၅ ကျန်းမာရေးနှင့် ဆေးပညာ (အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်)
- ၂၀:၃၀ ကလေးများ၏သီချင်းဆိုပြိုင်ပွဲ (ဇာတိမာန်)
- ၂၀:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
  (၁) ဖူးရွှေလက်တင် (အေဝမ်းတင်တင်လှ)
  (၂) ချိန်းတဲ့ညမှာလာတွေ့ပါ (စိုင်းအောင်ဌေး)
  (၃) တစ်ခွန်းသူ့ကိုပြောလိုက်ပါ (မြမြချော)

# တောင်ငူမြို့၌ ယဉ်ကျေးမှုစာပေဟောပြော

**တောင်ငူ စက်တင်ဘာ ၅**

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ယဉ်ကျေးမှုစာပေဟောပြောပွဲ အခမ်းအနားကို ဩဂုတ်၃၀ ရက် မွန်းလွဲပိုင်းက တောင်ငူပညာရေးကောလိပ် သီရိရတနာခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ပညာရေးကောလိပ် တာဝန်ခံကျောင်း အုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် ရူပဗေဒဌာနမှ နည်းပြ ဒေါ်ခင်သီတာရွှေက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် မြန်မာစာဌာနမှ နည်းပြဒေါ်အေးသီတာစိုးကဆောင်ရွက်သည်။

**ဟောပြော**

ထို့နောက် စာရေးဆရာ ဒါရိုက်တာ ဇွန်မောင်မောင်၊ ကဗျာဆရာ ကိုရဲနှင့် ကဗျာဆရာ၊ စာရေးဆရာ၊ အယ်ဒီတာမောင်လွမ်းနွယ်(အောင်လံ) **(ဝဲပုံ)**တို့က ယဉ်ကျေးမှု စာပေရေးရာများကို အကျယ်တဝင့် ရှင်းလင်းဟောပြောကြသည်။

**တက်ရောက်**

အခမ်းအနားသို့ တောင်ငူမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယကများ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပညာရေးကောလိပ် တာဝန်ခံ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသူများ တက်ရောက်ကြသည်။

**(၃၇၂)**



# သာယာဝတီခရိုင် ပြန်/ဆက် ဦးစီးဌာန လုပ်ငန်းခွင် မွမ်းမံသင်တန်းဆင်း

**သာယာဝတီ စက်တင်ဘာ ၈**

လုပ်ငန်းခွင် အရည်အချင်းတိုးတက်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၀၆)သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ၁ရက်က သာယာဝတီခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း)လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်သို့ ပေးအပ်သည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ တတိယဆုရ နတ်တလင်းမြို့နယ်ရုံးမှ ဦးအောင်မင်းကြည်၊ ဒုတိယဆုရ သာယာဝတီခရိုင်ရုံးမှ ဒေါ်စန္ဒာလင်းနှင့် ပထမဆုရ ဇီးကုန်းမြို့နယ်ရုံးမှ ဒေါ်မာမာဦးတို့အား တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုးနှင့် ခရိုင်ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းတို့က ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းမှာ ရက်သတ္တနှစ်ပတ် (၁၄ရက်) ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲကို ဩဂုတ်၂၅ရက်က ကြို့ပင်ကောက်မြို့ အမှတ်(၈၇)သစ်စက်ခန်းမတွင်ကျင်းပရာ သစ်စက်မန်နေဂျာ ဦးအောင်သိန်းက အဆိုပြုလွှာများကို မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန့်ဇင်သို့ ပေးအပ်စဉ်။** (၀၄၀)

# ပျဉ်းမနားခရိုင် လယ်ဝေးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်နှစ်တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်လှူဒါန်း

**ဆက်ကပ်လှူဒါန်း**

**နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် လယ်ဝေးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် နှစ်တိုက်သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



**နေပြည်တော် စက်တင်ဘာ ၁၀**

ပျဉ်းမနားခရိုင် လယ်ဝေးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် နှစ်တိုက်သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် လယ်ဝေးမြို့ (၆)ရပ်ကွက် မြို့သစ် ၂ လမ်း ပေါက်မြိုင် ပရိယတ္တိစာသင်တိုက် ရွှေကျောင်းတော်ကြီး၌ကျင်းပရာ မြို့ဦးတိုက်သစ် သံလမ်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တကောဝိဒ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညို ကြသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ✡

**နေပြည်တော် မိုးလေဝသ အခြေအနေ**

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (စက်တင်ဘာ ၁၁ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ကမာရွတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် လေးတိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

# ဘုန်းတော်ကြီးစာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ ဆွမ်းဆန်တော်နှင့် ဆွမ်းပဒေသာပင်အလှူငွေလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် လေးတိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန် အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် မြဇေယျာလမ်းနှင့် မြသိင်္ဂါလမ်းထောင့်ရှိ သုစိတ္တာရုံပရိယတ္တိ စာသင်တိုက်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား သင့်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် လေးတိုက်မှ ပဓာန နာယကဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊

*စာမျက်နှာ ၁၀ ကော်လံ ၄* ✳


**မြန်မာ့အလင်း**

**ဆောင်းပါးနှင့် အင်တာနက် အထူးသတင်းအညွှန်း**

**သန်းပေါင်းများစွာသော နိုင်ငံသားများ ရေရှည်ကောင်းစားရေးနှင့် အညာမြေ၏ ရေ၊ မြေ၊ သဘာဝ တည်တံ့ရေးအတွက် တပ်မတော်အစိုးရသည် ၁၉၉၃ ခုနှစ်မှစ၍ သစ်တောထိန်းသိမ်းရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး၊ ရေရရှိရေး စသည့် သဘာဝပတ်ဝန်းကျင် မြိမ်းရောင် အသွင်ကူးပြောင်းရေးကို စတင် ဆင်နွှဲခဲ့။**



**ဦးဇော်၏ နိုင်ငံတော်၏ တိုင်းပြုပြည်ပြု သမိုင်းမှတ်တိုင်များ(၃) ဆောင်းပါး (စာ-၉)**

**အမေရိကန် တစ်ဝန်း စီးပွားရေး တိုးတက်မှုနှုန်း ကျဆင်းသွားခဲ့သည့် အပြင် ယခုအချိန်အထိ နှေးကွေးသော စီးပွားရေးတိုးတက်မှု အနေအထားသာရှိနေကြောင်း၊ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်နောက်ပိုင်း နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းသွားခဲ့ပြီး ခရီးသွားလုပ်ငန်းများ ယခုအချိန်အထိ ဆိုးရွားစွာ ထိခိုက်လျက်ရှိကြောင်း အမေရိကန် မီဒီယာများက ဖော်ပြ။**



**အင်တာနက်အထူးသတင်း (စာ-၅)**